# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၄၀)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၆-၉-၂၀၁၆ ] ( တနင်္လာနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဒေါက်တာဦးအောင်ထွန်းခိုင်၊ ရေး မဲဆန္ဒနယ်၏ **လျှပ်စစ်မီး မရရှိသေးသော ရေးမြို့နယ်အား လာမည့်ဘဏ္ဍာနှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်ထူးမြင့်၊ အောင်လံ မဲဆန္ဒနယ်၏ **အောင်လံမြို့နယ်အတွင်းရှိ နိုင်ငံပိုင်အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)အား ပြန်လည် ဖွင့်လှစ်ပြီး လုပ်ကိုင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ က.ပ.စ (၁၃) သို့ သွယ်တန်းသော 33 KV ဓာတ်အားလိုင်းမှ လက်ပံ**

**ကျေးရွာ၊ မကျီးရင်းကျေးရွာ၊ ပိတောက်ကန်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား အမြန်ဆုံးလွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း၊

၇။ ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ ဒေါပုံ မဲဆန္ဒနယ်က တင်သွင်းသည့် **"ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာ အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို"** ကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၊

(ခ) ဦးရဲထွန်းဝင်း၊ ပေါက် မဲဆန္ဒနယ်၊

(ဂ) ဦးထွန်းမြင့်၊ ဗဟန်း မဲဆန္ဒနယ်၊

(ဃ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၊

(င) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၊

(စ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

(ဆ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာဦးခင်မောင်သင်း၊ အရာတော် မဲဆန္ဒနယ်၊

(ဈ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၊

(ည) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဋ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(ဌ) ဗိုလ်မှူးအောင်ဇင်မင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဍ) ဒေါ်ပြုံးကေသီနိုင်၊ ကလော မဲဆန္ဒနယ်၊

(ဎ) ဦးတင်ထွန်းနိုင်၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်၊

(ဏ) ဦးရည်မွန်(ခ) မောင်တင်သစ်၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်၊

(တ) ဦးဝေလှိုင်ထွန်း၊ ပုသိမ် မဲဆန္ဒနယ်၊

၈။ အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၄၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
## (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၉၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ကိုးကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁၂ ရက်၊

(၂) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၅ ရက်၊

(၃) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၅ ရက်၊

(၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၂ ရက်၊

(၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊

(၆) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊

(၇) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၈) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၂ ရက်၊

(၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်၊

(၁၀) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၅ ရက်၊

(၁၁) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၁၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၁၃) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲသီဟထွန်း ခွင့် ၃ ရက်၊

(၁၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၃ ရက်၊

(၁၈) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၁ ရက်၊

(၁၉) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊

(၂၀) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၂ ရက်၊

(၂၁) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၃ ရက်နှင့်

(၂၂) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လျှပ်စစ်မီးမရရှိသေးသော ရေးမြို့နယ်အား လာမည့်ဘဏ္ဍာနှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရေးအစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်ထွန်းခိုင်(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ၊ ကြွရောက်လာသောဧည့်သည်တော်များ၊ လေ့လာသူများ ကိုယ်စိတ်ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ထွန်းခိုင် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်

နဲ့ ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ရေးမြို့နယ်ဟာ မွန်ပြည်နယ်ရဲ့အစွန်ဆုံးဖြစ်ပါတယ်။ လူဦးရေ အထူထပ် ဆုံးဖြစ်ပါတယ်။ လူဦးရေအားဖြင့် ၂၄၅၀၀၀ ကျော်ရှိပါတယ်။ ကျေးရွာအုပ်စု ၁၃၉ အုပ်စု၊ မြို့ပေါ်ရပ်ကွက် ကိုးအုပ်စု စုစုပေါင်း အိမ်ထောင်စုပေါင်းက ၄၁၂၀၀ ရှိပါတယ်။ လူဦးရေ များပြားတဲ့ အပြင် ကျွန်တော်တို့မှာ ခုတင် ၁၀၀ ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံသုံးရုံ၊ ဌာနဆိုင်ရာအားလုံးပေါင်း ၃၃ ခု အကုန်လုံးအပြည့်အစုံရှိပါတယ်။ တပ်ရင်းတပ်ဖွဲ့တွေလည်းရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ ယခင်သမ္မတကြီး ဦးသိန်းစိန် မော်လမြိုင်မြို့ကိုလာစဉ် သက်ဆိုင်ရာ ခရိုင်၊ ပြည်သူများမှမေးမြန်းချက်အရ လျှပ်စစ်ဝန်ကြီးဌာနမှ မဟာဓာတ်အားလိုင်းကို အောင်မြင်ပြီး ဖြစ်ကြောင်းနှင့် သုံးစွဲမှုအတွက် ဈေးငွေများရရှိပြီးကြောင်း ပြောကြားသွားပါတယ်။ ထို့အပြင် ပြီးခဲ့တဲ့ လွှတ်တော်တုန်းကလည်း ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်သို့ သုံးကြိမ် တိုင်တိုင်မေးမြန်းခဲ့ပါတယ်။ သို့သော် ယခုအချိန်ထိ လျှပ်စစ်မီးရရှိခြင်းမရှိ သေးပါဘူး။ ကျွန်တော်တို့မြို့နယ်မှာ ကိုးမြို့နယ်က လျှပ်စစ်မီးရရှိပြီးတော့ ရေးတစ်မြို့နယ်တည်း လျှပ်စစ်မီး ရရှိခြင်းမရှိသေးပါ။ နောက်ဆုံးရရှိခဲ့တဲ့ သံဖြူဇရပ်မြို့နယ်နှင့်လည်း ၆၃ မိုင်သာဝေးကွာပါတယ်။ လမ်းပန်းဆက်သွယ်ရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ရေးမြို့နယ်ဟာ အရမ်းအဆင်ပြေလျက်ရှိပါတယ်။ စီးပွားရေးအရရော။ အရေးကြီးတာက ကျွန်တော်တို့ လျှပ်စစ်မီး ရရှိရန်အတွက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မြို့နယ် တစ်မြို့နယ်ကို လျှပ်စစ်မီး မရရှိ သေးတဲ့အတွက် မြို့နယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ပြည်သူ များရဲ့ဆန္ဒကို ဖြည့်ဆည်းလိုသောကြောင့် ရေးမြို့နယ် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်သွယ်တန်းမှုပေး နိုင်ရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း ဥက္ကဋ္ဌကြီးဆီမှတစ်ဆင့် မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်း နှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မွန်ပြည်နယ်၊ ရေး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ထွန်းခိုင်မေးမြန်းသည့် မွန်ပြည်နယ်

အတွင်းရှိ ကျန်မြို့နယ်များအားလုံး လျှပ်စစ်မီးများရရှိပြီးဖြစ်သော်လည်း ရေးမြို့နယ်တစ်မြို့နယ်တည်းသာ မရရှိသေးသောကြောင့် လာမည့်ဘဏ္ဍာရေးနှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရေး အစီအစဉ်ရှိ/မရှိကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေးမြို့နှင့် ထားဝယ်မြို့များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် မော်လမြိုင်မှ ရေးအထိ ၉၅ မိုင်၊ ရေးမှ ထားဝယ်အထိ ၈၅ မိုင် စုစုပေါင်း ၂၃၀ ကေဗွီအဆင့်ရှိ ဓာတ်အားလိုင်းမိုင် ၁၈၀ တည်ဆောက်နိုင်ရန်အတွက် လိုအပ်သော အမေရိကန်ဒေါ်လာ ၇၂ သန်းနှင့် မော်လမြိုင်ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၆.၂ သန်း၊ ရေးဓာတ်အားခွဲရုံတည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၂.၆ သန်း၊ ထားဝယ်ဓာတ်အားခွဲရုံတည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၂.၆ သန်းတို့ကို ကုန်ကျမယ်ဆိုတာ တွက်ချက်ခန့်မှန်းထားပါတယ်။ အဆိုပါစီမံကိန်းအား မူလက တရုတ်နိုင်ငံ EXIM Bank ချေးငွေဖြင့် ဆောင်ရွက်ရန် လျာထားခဲ့ပြီး ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ တရုတ်ကုမ္ပဏီသုံးခုသို့ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှာ တင်ဒါခေါ်ဆိုခဲ့တာ ဖြစ်ပါတယ်။ အဆိုပါတင်ဒါများကို စိစစ်၍ အောင်မြင်သောကုမ္ပဏီဖြင့် စာချုပ်ချုပ်ဆိုနိုင်ရန် စာချုပ်မူကြမ်းပြင်ဆင်ညှိနှိုင်းခဲ့ပြီး စာချုပ်မူကြမ်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်များကို တောင်းခံရယူခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြကာအတည်ပြုချက်ရယူပေးနိုင်ပါရန် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခဲ့ရာ နောင်အစိုးသစ်ကာလမှသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း အကြောင်းပြန်ကြားခဲ့ ပါတယ်။

တရုတ်နိုင်ငံ EXIM Bank ချေးငွေဖြင့် ဆောင်ရွက်မယ့် အဆိုပါစီမံကိန်း၏ကုန်ကျစရိတ်မှာ အတိုးနှုန်းအပါအဝင် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၈၀.၁၁၇ သန်းဖြစ်ပြီး၊ ဆိုင်းငံ့ကာလ ငါးနှစ်နှင့် ပြန်ဆပ်ကာလ ၁၀ နှစ်၊ အတိုးနှုန်းမှာ နှစ်ရာခိုင်နှုန်းဖြစ်ပြီး ချေးငွေဆိုင်ရာလုပ်ထုံး လုပ်နည်းများအရ အချိန်ကြန့်ကြာခြင်း၊ အတိုးနှုန်းများခြင်းနှင့် တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းများကိုသာ ဦးစားပေးဝယ်ယူရခြင်းတို့ကြောင့် စီမံကိန်းကို တရုတ်နိုင်ငံချေးငွေဖြင့် ဆက်လက်ဆောင်ရွက်ရန် မသင့်လျော်သဖြင့် ၎င်းချေးငွေကို ပယ်ဖျက်၍ အတိုးနှုန်းပိုမိုသက်သာပြီး ပစ္စည်းများကို ဝယ်ယူရာမှာ ကန့်သတ်ချက်

မထားရှိသော ADB Bank နှင့် World Bank ကဲ့သို့သော ချေးငွေများဖြင့်သာ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၈/၂၀၁၆) အရ ADB မှ ဓာတ်အားလိုင်းစီမံကိန်းသုံးခုအတွက် လျာထားချေးငွေ အမေရိကန်ဒေါ်လာသန်း ၅၀၀ အောက်မှ အဆိုပါစီမံကိန်းကိုထည့်သွင်း၍ အဆိုပြုလွှာပေးပို့ခွင့်ပြုရန် သဘောတူညီပြီးဖြစ်တဲ့အတွက် ADB သို့ အဆိုပြုလွှာပေးပို့ထားပြီး ဖြစ်ပါတယ်။ ၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ်ဓာတ်အား လိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအတွက် အတိုးနှုန်းမပါတွက်ချက်ထားသည့် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၀၃.၄ သန်းဖြစ်ပြီး ADB ၏ အတိုးနှုန်းမှာ ဆိုင်းငံ့ကာလရှစ်နှစ် အတွင်း တစ်ရာခိုင်နှုန်းနှင့် ပြန်ဆပ်ကာလ ၂၄ နှစ်အတွင်း အတိုးနှုန်းမှာ ၁.၅ ရာခိုင်နှုန်းဖြစ်ပါတယ်။

၂၃၀ ကေဗွီ မော်လမြိုင်-ရေး-ထားဝယ်ဓာတ်အားလိုင်းစီမံကိန်းအတွက် ချေးငွေရရှိရန် ADB နှင့် ဆွေးနွေးညှိနှိုင်းရာတွင် ADB ကစီမံကိန်းအား ကူညီထောက်ပံ့မည်ဖြစ်ပါကြောင်း၊ သို့သော် လိုအပ်တဲ့ ချေးငွေပမာဏမှာ ၎င်းတို့ကထုတ်ချေးနိုင်တဲ့ပမာဏ ကန့်သတ်ထားမှုရှိတဲ့အတွက် ထပ်မံလိုအပ်မယ့်ချေးငွေများကို ထုတ်ချေးပေးနိုင်မည့် မိတ်ဖက်ငွေချေးမည့်သူအား ရှာဖွေသင့် ကြောင်း၊ ထိုသို့ရှာဖွေရာတွင် ၎င်းတို့ကလည်း အကူအညီပေးမည်ဖြစ်ကြောင်း သဘောထားမှတ်ချက် ပြန်ကြားခဲ့ပါတယ်။ အဆိုပါချေးငွေရရှိရေးကို ဝန်ကြီးဌာနက ကြိုးစားညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိ ပြီး ချေးငွေများရရှိပါက တည်ဆောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက် မည် ဖြစ်ပါကြောင်းနှင့် ရေးမြို့နယ် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန က ဆက်လက်ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အောင်လံမြို့နယ်အတွင်းရှိ နိုင်ငံပိုင်အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)အား ပြန်လည်ဖွင့်လှစ် ပြီးလုပ်ကိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထူးမြင့်(အောင်လံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ အောင်လံမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တင်ပြမေးမြန်း

လိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်းမှာရှိတဲ့ နိုင်ငံပိုင် အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)အား နိုင်ငံတော်အနေဖြင့်လည်းကောင်း သို့မဟုတ် နိုင်ငံတော်နှင့်ပုဂ္ဂလိက Joint Venture Project (အကျိုးတူပူးပေါင်း)အနေဖြင့်လည်းကောင်း၊ စက်ရုံပြန်လည်ဖွင့်လှစ်ပြီး လုပ်ကိုင်ရန်အစီအစဉ်ရှိ/မရှိ၊ မရှိပါက မည်သူ့အတွက်မရှိကြောင်းနှင့် ရှိပါက မည်သည့်အချိန်တွင် လည်ပတ်မည်ဖြစ်ကြောင်း သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရတဲ့အကြောင်းအရင်းတွေကတော့ မြန်မာနိုင်ငံမှာရှိနေတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်နေတောင်သူများဖြစ်ပြီးတော့ စိုက်ပျိုးရေးကိုအခြေခံဆောင်ရွက်ကြတဲ့နိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သီးနှံစိုက်ပျိုးမှုဧကများကို အကြမ်းဖျင်း ကျွန်တော်တို့ကြည့်ရင် မိုးစပါး၊ နွေစပါး စုစုပေါင်း ၁၇.၇၅ သန်းနှင့် ပဲမျိုးစုံ ၁၁.၄ သန်းနှင့် စက်မှုသီးနှံအပါအဝင် အခြားသီးနှံ ၁၂.၃ သန်း စိုက်ပျိုးဧကပေါင်း ၃၂.၅ သန်းလောက် စိုက်ပျိုးတဲ့နိုင်ငံဖြစ်ပါတယ်။ အဲဒီတော့ ဒီစိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းဖို့အတွက် တောင်သူများအနေနဲ့ ဓာတ်မြေသြဇာများသုံးစွဲကြရပါတယ်။ အဲဒီလို သုံးစွဲတဲ့နေရာမှာ ယေဘုယျအားဖြင့် စပါးတစ်ဧကကို ယူရီးယား ၁.၁ အိတ်ခွဲခန့်သုံးစွဲရတာဖြစ်တဲ့ အတွက် စိုက်ပျိုးမြေဧကများအပေါ်မှာတွက်ချက်မယ်ဆိုရင် တစ်နှစ်ကို ၁.၃၃ တန်ချိန်သန်းပေါင်း လိုအပ်မှာဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ ယာသီးနှံများမှာ တစ်ဧကကို အိတ်ဝက်နှုန်းနဲ့ သုံးမယ်ဆိုရင် စိုက်ပျိုးဧကအပေါ်မှာ တန်သန်းပေါင်း ဝ.၈၁ သန်းလောက်ထိ သုံးရတာဖြစ်တဲ့အတွက် တစ်နှစ်ကို ယူရီးယားဓာတ်မြေသြဇာပေါင်းတန် ၂.၁၄ သန်းလောက် သုံးစွဲနေရတာဖြစ်ပါတယ်။ အရင်တုန်းကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ဓာတ်မြေသြဇာစက်ရုံများဖြစ်တဲ့ ကျွန်းချောင်း၊ စလေ၊ ကျော်စွာ၊ မြောင်းတကာနဲ့ပုသိမ်စက်ရုံတွေ လည်ပတ်ပြီးတော့ ယူရီးယားဓာတ်မြေသြဇာများကို တောင်သူများကို ဖြန့်ဖြူးပေးခဲ့တဲ့အတွက်ကြောင့် ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ ယူရီးယားဓာတ်မြေသြဇာကို အသုံးပြုပြီးတော့ တောင်သူများအကျိုးရှိခဲ့ကြပါတယ်။ အခုအခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ ယူရီးယားဓာတ်မြေသြဇာစက်ရုံငါးရုံအနက် မြောင်းတကာနှင့် ပုသိမ်ဓာတ်မြေသြဇာနှစ်ရုံသာ ပုံမှန်နီးပါးလည်ပတ်နိုင်ပြီးတော့ အခြားစက်ရုံများကလည်ပတ်နိုင်မှု မရှိတာကို တွေ့ရပါတယ်။

အဲဒီမှာ အထူးအားဖြင့် ကျွန်တော်မေးတဲ့မေးခွန်းမှာပါဝင်တဲ့ မကွေးတိုင်းဒေသကြီးမှာရှိနေတဲ့ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)ဟာ ၇-၉-၂၀၁၀ ရက်နေ့ ၉ နာရီအချိန်မှာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါက်တာကိုပြုပြင်ရန် ရုံးချုပ်မှညွှန်ကြားချက်အရ စက်ရုံကိုရပ်ဆိုင်းခဲ့တာ

ခြောက်နှစ်ကျော်သွားပြီဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီစက်ရုံအနေနဲ့ ၁၉၈၄-၁၉၈၅ ခုနှစ်လောက်ကတည်းက နှစ်ပေါင်း ၂၅ နှစ်ကျော် ထုတ်လုပ်မှုတန်ချိန်ပေါင်း ၂.၂ သန်းလောက် ထုတ်လုပ်ခဲ့တဲ့စက်ရုံဖြစ်ပါတယ်။ အခုတော့ရပ်နားထားတာ ခြောက်နှစ်ကျော်လာပြီ ဖြစ်ပါတယ်။ အဲဒီတော့ အခုစက်ရုံကိုလေ့လာကြည့်တဲ့အခါမှာ စွမ်းအင်ဝန်ကြီးဌာနကနေပြီးတော့ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံကို Joint Venture လုပ်ဖို့အတွက် ပြည်တွင်းပြည်ပကုမ္ပဏီများကို အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် (Letter Of Expression Of Interest - LOEI) ဖိတ်ခေါ်ခဲ့တဲ့နေရာမှာ ၂၃-၃-၂၀၁၅ ရက်နေ့အထိ LOEI တင်သွင်းတဲ့ မြန်မာပြည်တွင်းကုမ္ပဏီသုံးခု မြန်မာနှင့်ဒိန်းမတ် ဖက်စပ်ကုမ္ပဏီတစ်ခု၊ မြန်မာ-ဂျာမနီဖက်စပ်ကုမ္ပဏီတစ်ခုနှင့် ဂျပန်ကုမ္ပဏီသုံးခုတို့ကလည်းပဲ LOEI တင်သွင်းထားပြီလို့ သိရပါတယ်။ သို့သော်ငြားလည်းပဲ ဒီနေ့ထက်တိုင် ဒီစက်ရုံဟာ လည်ပတ်နိုင်ခြင်း မရှိသေးတာကို တွေ့ရှိရပါတယ်။ အဲဒီတော့ ဒီစက်ရုံအနေနဲ့ ယခင်တုန်းက ခုနက ကျွန်တော် အထက်မှာတင်ပြခဲ့သလိုပဲ စိုက်ပျိုးရေးအပေါ်မှာအခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် ဓာတ်မြေသြဇာဈေးကွက်ဆိုတာ အင်မတန်ကျယ်ပြန့်တဲ့ဈေးကွက်လည်း ဖြစ်ပါတယ်။ ပြီးတော့ အစိုးရစက်ရုံထုတ် ယူရီးယား ဓာတ်မြေသြဇာများဟာ အရင်တုန်းကတည်းက ဦးဆောင်အမှတ်တံဆိပ်အဖြစ် တောင်သူများက လက်ခံပြီးတော့သုံးစွဲခဲ့တဲ့ အရည်အသွေးပြည့်မီ ဈေးနှုန်းမှန်တဲ့ ထုတ်ကုန်များလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီစက်ရုံကြီးကို ပြန်လည်လည်ပတ်နိုင်မယ်ဆိုရင် တစ်ပိုင်းက ကျွန်တော်တို့ နိုင်ငံတော်အတွက် အကျိုးရှိပါ့မယ်။ တစ်ပိုင်းက ပြည်သူလူထုတွေ ဒီကနေ့ ကျွန်တော်တို့ အပြင်မှာဈေးနှုန်းကြီးစွာနှင့် ဝယ်ယူသုံးစွဲနေရတယ်။ အရည်အသွေးထိန်းကွပ်မှု အားနည်းတဲ့ ဓာတ်မြေသြဇာနေရာမှာ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ အောင်လံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့် မေးမြန်းသည့် မကွေးတိုင်း

ဒေသကြီး၊ အောင်လံမြို့နယ်အတွင်းရှိ နိုင်ငံပိုင်အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)အား နိုင်ငံတော်အနေဖြင့်လည်းကောင်း သို့မဟုတ် နိုင်ငံတော်နှင့် ပုဂ္ဂလိက Joint Venture Project) အကျိုးတူပူးပေါင်းမှုအနေဖြင့်လည်းကောင် စက်ရုံပြန်လည်ဖွင့်လှစ်ပြီးလုပ်ကိုင်ရန် အစီအစဉ်ရှိ/မရှိ ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်မှာရှိတဲ့ စက်စွမ်းအား တစ်ရက်လျှင် ယူရီးယားဓာတ်မြေသြဇာ မက်ထရစ်တန် ၆၀၀ ထုတ်လုပ်နိုင်သော အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)ကို Germany နိုင်ငံ UHDEကုမ္ပဏီမှ တည်ဆောက်ခဲ့ပြီး ၁၉၈၅ ခုနှစ် ဇူလိုင်လမှာ စတင်လည်ပတ်ခဲ့ပါသည်။ စက်ရုံအတွက် လိုအပ်သောသဘာဝဓာတ်ငွေ့ ကုန်ကြမ်းကို ပြည်တောင်တန်းရေနံမြေနှင့် အဖျောက်သဘာဝဓာတ်ငွေ့မြေတို့မှ ရယူပြီးဆောင်ရွက်ခဲ့ တာဖြစ်ပါတယ်။ အသုံးပြုတဲ့ဓာတ်ငွေ့ပမာဏက တစ်ရက်လျှင် ကုဗပေ ၁၁.၅ သန်းခန့်အသုံးပြုခဲ့ရ ပါတယ်။ ၂၀၁၀ ခုနှစ် စက်တင်ဘာလအထိ စက်ရုံကလည်ပတ်ခဲ့ပြီးတော့ တစ်နေ့လျှင် ယူရီးယား ဓာတ်မြေသြဇာ မက်ထရစ်တန် ၄၅၀ ခန့်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ သို့ရာတွင် ပြည်တောင်တန်းရေနံမြေ နှင့် အဖျောက်သဘာဝဓာတ်ငွေ့အတွင်းမှ ကုန်းတွင်းဓာတ်ငွေ့ထွက်ရှိမှုက ကျဆင်းသွားတဲ့အတွက် ကြောင့် နိုင်ငံရဲ့အခြားသဘာဝဓာတ်ငွေ့လိုအပ်ချက်နှင့် ခွဲဝေသုံးစွဲရေးအစီအစဉ်အရ စက်ရုံအား ယာယီရပ်ဆိုင်းထားခဲ့ရတာ ဖြစ်ပါတယ်။

နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးမူဝါဒနှင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးလုပ်ငန်းများအစီအစဉ် အရ နိုင်ငံပိုင်အချိုးအစားကို လျှော့ချ၍ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်ပြီး အဆိုပါ စက်ရုံအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် ယူရီးယားဓာတ်မြေသြဇာ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချရခြင်း လုပ်ငန်းအတွေ့အကြုံရှိသော ပြည်တွင်းပြည်ပကုမ္ပဏီများအား စိတ်ဝင်စားမှု အဆိုပြုလွှာ(Letter Of Expression Of Interest) အား ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ နိုင်ငံပိုင် သတင်းစာများနှင့်စွမ်းအင်ဝန်ကြီးဌာန Website တို့မှာ ဖိတ်ခေါ်ခဲ့တာဖြစ်ပါတယ်။ အဆိုပါ ဖိတ်ခေါ်မှု ကို Japan နိုင်ငံမှ Chiyoda Corporation, ITOCHU Corporation , Sojitz Corporation, Germany နိုင်ငံမှ Eurochem Agro GmbH နှင့် Myanma Awba Group Denmark နိုင်ငံမှ Haldor Topsoe နှင့် My Associates Co.,Ltd /Auspicious Millennium Trading Group Co.,Ltd၊ မြန်မာကုမ္ပဏီများဖြစ်သော Capital Diamond Star Group Parami Energy

Services Co.,Ltd နှင့် UMGv Co.,Ltd စုစုပေါင်းကုမ္ပဏီ ရှစ်ခုမှ LOEI တင်သွင်းခဲ့သော်လည်း သဘာဝဓာတ်ငွေ့ဖြည့်ဆည်းနိုင်မှုအခြေအနေအရ LOEI ခေါ်ယူတဲ့အဆင့်မှာသာ ခေတ္တရပ်ဆိုင်းခဲ့ရတယ်။

ယခုအခါ ကျော်စွာဓာတ်မြေသြဇာစက်ရုံအပါအဝင် ပြည်ဒေသတစ်ဝိုက်ရှိ စက်ရုံများသို့ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကို အရှေ့တောင်အာရှသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် ဖြန့်ဖြူးပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၇၉.၇၅ သန်း ကုန်ကျမည့် မကွေး-ရွှေတောင် ၁၄ လက်မ ၁၁၉ မိုင်ရှည်လျားသောပိုက်လိုင်းအား ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့်သော်လည်းကောင်း၊ Japan ODA Loans ဖြင့်သော်လည်းကောင်း၊ အဆင့်မြင့်အစားထိုးလဲလှယ်ရန်စီစဉ်ခဲ့ရာ မရရှိခဲ့တဲ့အတွက်ကြောင့် Korea EXIM Bank (KEDCF) ထံမှ အထူးသက်သာသော အတိုးနှုန်းဖြင့်ချေးငွေရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါပိုက်လိုင်းဆက်သွယ်ခင်းကျင်းမှုဆောင်ရွက်ပြီးသည့်ကာလတွင်မှ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)အား ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတကာတင်ဒါခေါ်ယူကာ ပြန်လည်လည်ပတ်ထုတ်လုပ်ရေးကို စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းနှင့် ဓာတ်မြေသြဇာစက်ရုံများမှ ထုတ်လုပ်သော ယူရီးယားဓာတ်မြေသြဇာများအား တောင်သူလယ်သမားများလက်ဝယ်သို့ အဆင့်အနည်းဆုံးဖြင့် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများပြုလုပ်ကာ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ က.ပ.စ(၁၃)သို့ သွယ်တန်းသော 33 KV ဓာတ်အားလိုင်းမှ လက်ပံကျေးရွာ၊ မကျီးရင်းကျေးရွာ၊ ပိတောက်ကန်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားအမြန်ဆုံးလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လျှပ်စစ်မီးရရှိရေး

နှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှာရှိတဲ့ လက်ပံကျေးရွာ၊ မကျီရင်းကျေးရွာ၊ ပိတောက်ကန်ကျေးရွာများဟာ ဧရာဝတီမြစ်အနောက်ဘက်ကမ်း ဆင်ပေါင်ဝဲမြို့ရဲ့ အနောက်ဘက်အခြမ်းမှာ တည်ရှိတဲ့ကျေးရွာတွေပဲဖြစ်ပါတယ်။ အဆိုပါကျေးရွာတွေဟာ အမှတ်(၁၃)ကာကွယ်ရေးပစ္စည်းစက်ရုံသို့ သွယ်တန်းထားတဲ့ ၃၃ ကေဗွီဓာတ်အားလိုင်းနှင့် အနီးဆုံးကျေးရွာတွေဖြစ်ပြီးတော့ လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာသူကျေးရွာသားတွေဟာ ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းပြီးတော့ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့တာဆိုလို့ရှိရင် နှစ်နှစ်ကျော်လောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ကျေးရွာတွေကနေပြီးတော့ မီးရဖို့အတွက် ကျွန်တော်တို့မီးကြိုးဝယ်ယူထားရှိတဲ့မှတ်တမ်းပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့မီးရရှိရေးမှာလိုအပ်တဲ့တိုင်တွေ နေရာချထားမှု အခြေအနေပဲဖြစ်ပါတယ်။ ဒါကတော့ မီးလင်းရေးအတွက် လိုအပ်တဲ့ထရန်စဖော်မာဝယ်ယူမှုနဲ့ ကျေးရွာသူကျေးရွာသားတွေဟာ ကိုယ်ထူကိုယ်ထအနေနဲ့ ကျွန်တော်တို့လမ်းမီးတိုင်များ စိုက်ထူနေမှုအခြေအနေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကျေးရွာသုံးရွာစလုံးမှာအခုလက်ရှိ နောက်ဆုံးအခြေအနေဖြစ်ပါတယ်။ ကျွန်တော်တို့ မီးကြိုးတွေလည်းသွယ်ပြီးသွားပါပြီ။ လမ်းမီးတိုင်တွေလည်း ကျွန်တော်တို့စိုက်ထူပြီးသွားပြီ။ ထရန်စဖော်မာတွေလည်း တပ်ဆင်ပြီးသွားတဲ့အခြေအနေလည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ၃၃ ကေဗွီဓာတ်အားလိုင်းကနေပြီးတော့ မီးပေးခဲ့လို့ ကျွန်တော်တို့ ဆင်ပေါင်ဝဲမြို့နယ်အတွင်းက စည်တိုင်းကျေးရွာကိုလည်း မီးလင်းစေခဲ့ပြီးဖြစ်ပါတယ်ခင်ဗျား။ ၂၀၁၅ ခုနှစ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့လည်း အဆိုပါကျေးရွာတွေမီးရဖို့အတွက် မကျီးရင်းကျေးရွာ၊ ပိတောက်ကန်ကျေးရွာ၊ လက်ပံကျေးရွာတွေမီးရဖို့အတွက် တန်ဖိုးငွေအဖြစ် လက်ပံကျေးရွာအတွက် သိန်း ၂၀၀၊ မကျီးရင်းကျေးရွာအတွက် ၁၂၆ သိန်း၊ ပိတောက် ကန်ကျေးရွာအတွက် ၇၄ သိန်းကိုလည်း ပံ့ပိုးကူညီပေးခဲ့ပြီးဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီ တွေဟာဆိုလို့ရှိရင် မိမိတို့ကျေးရွာမီးရရှိရေးအတွက် ရွာသူရွာသားတွေဆီက ကောက်ခံရရှိတဲ့ငွေကြေးတင်မက စိုက်ထုတ်ချေးငှားဆောင်ရွက်ခဲ့ကြတာမို့ ယခုနှစ်မှာဆိုလို့ရှိရင် အချိန်မီမီးရပါမှ သီးနှံပေါ်ချိန်မှာ ရွာသူရွာသားတွေဆီက ကျွန်တော်တို့ငွေရရန်ကျန်နေတဲ့ငွေကြေးများလည်း ကောက်ခံသွားနိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကျေးရွာသုံးရွာမီးလင်းပြီဆိုပါက အိမ်ထောင်စု ၉၉၂ စု၊ လူဦးရေ ၃၈၈၄ ဦးကို အကျိုးပြုနိုင်မှာပဲဖြစ်ပါတယ်။

**မူကြမ်း**

လျှပ်စစ်မီးရပြီဆိုပါက အဆိုပါ လက်ပံ၊ မကျီးရင်း၊ ပိတောက်ကန်ကျေးရွာတွေဟာ အစစအရာရာ ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမှာဖြစ်ပါတယ်။ သို့ပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုတာကတော့ ဆင်ပေါင်ဝဲ မြို့နယ်အတွင်းရှိ က.ပ.စ(၁၃)သို့သွယ်တန်းသော ၃၃ ကေဗွီဓာတ်အားလိုင်းကနေ လက်ပံကျေးရွာ၊ မန်ကျီးရင်းကျေးရွာ၊ ပိတောက်ကန်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား အမြန်ဆုံးလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် လုပ်ဆောင်ပေးသွားမည်ကို သိရှိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်း မေးမြန်းသည့် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ က.ပ.စ(၁၃)သို့ သွယ်တန်းထားသော ဓာတ်အားလိုင်းမှ လက်ပံကျေးရွာ၊ မကျီးရင်းကျေးရွာ၊ ပိတောက်ကန်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားအမြန်ဆုံးလွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် လုပ်ဆောင်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပုံလေးတင်၍ ရှင်းပြခွင့်ပြုပါခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဘဏ္ဍာငွေရရှိမှုအပေါ်မှာမူတည်ပြီး တစ်ပြိုင်နက်ဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်အားဖြန့်ဖြူးမှုအပိုင်းမှာလည်း နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားလိုင်းများဆွဲသားခြင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း နှစ်အလိုက်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ကာ လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ ဘတ်ဂျက်၊ နိုင်ငံတကာ နှစ်ရှည်ချေးငွေများနှင့်လည်း ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား

တိုးချဲ့ဖြန့်ဖြူးရန် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစီအစဉ်များကို စောင့်ဆိုင်းနိုင်ခြင်းမရှိဘဲ ကြိုတင်ဓာတ်အားရရှိလိုသော ကျေးရွာများက ကျေးရွာတွင်းငွေကြေးစုဆောင်းထားရှိပြီး ကျေးရွာရဲ့ အစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုးမီးလင်းရေး ဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ ဆောင်ရွက်ရာမှာ ကျေးရွာအတွင်း မီးလင်းရေးကိစ္စရပ်များကို စနစ်တကျစီစဉ် ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာမီးလင်းရေးကော်မတီကို သက်ဆိုင်ရာဒေသအာဏာပိုင်များက ဖွဲ့စည်းပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ မီးလင်းရေးကော်မတီများက မိမိတို့ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ချမှတ်ပေးထားသော မီးလင်းရေးကော်မတီများ ဝန်ခံကတိပြုလိုက်နာရမယ့် အချက် ၁၂ ချက်အတိုင်း လိုက်နာ ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ဌာနသို့ လျှပ်စစ်ဓာတ်အားချိတ်ဆက်အသုံးပြုလိုကြောင်း အမှုတွဲတင်ပြ လျှောက်ထားရမှာလည်း ဖြစ်ပါတယ်။ ထိုသို့တင်ပြလာတဲ့ အမှုတွဲအား မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးက နည်းပညာဆိုင်ရာ စိစစ်ထောက်ခံပြီး သတ်မှတ်ချက်နှင့်ကိုက်ညီပါက တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးသို့ တင်ပြ၍ အတည်ပြုခွင့်ပြုပေးမှာ ဖြစ်ပါတယ်။ လုပ်ငန်း များလွယ်ကူစေရန်အတွက် ဌာနက မလိုအပ်သော အဆင့်များကို ဖြေလျှော့ပေးထားပြီး သတ်မှတ်ရက် အနည်းငယ်အတွင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်ကိုလည်း ထုတ်ပေးလျက်ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ ကျေးရွာများဖြစ်သော လက်ပံကျေးရွာ၊ မကျီးရင်းကျေးရွာနှင့် ပိတောက်ကန်ကျေးရွာများဟာ ဓာတ်အားရယူရန်အတွက် လိုအပ်တဲ့တည်ဆောက်ရေးလုပ်ငန်းများကို ဌာနသို့တင်ပြပြီး အတည်ပြုချက်၊ ခွင့်ပြုချက်တောင်းခံထားခြင်းမရှိသေးပါခင်ဗျာ။ ကျေးရွာ မီးလင်းရေးကော်မတီက ကိုယ့်အားကိုယ်ကိုး၍ ကြိုတင်တည်ဆောက်ထားခြင်းကို တွေ့ရှိရပါတယ်။

ထို့ကြောင့် ကျေးရွာများက ဓာတ်အားချိတ်ဆက်ရာမှာ ချိတ်ဆက်ရမည့် မူလဓာတ်အားလိုင်း ဟာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပိုင် ဓာတ်အားလိုင်းဖြစ်ခဲ့ပါက ထိုဓာတ်အားလိုင်းကို နောက်ထပ် ဝန်အားတိုး၍ ပေးနိုင်ရန် နိုင်နင်းမှုရှိ/မရှိကို ကျွန်တော်တို့က စစ်ဆေးပြီးနိုင်နင်းပါက ချက်ခြင်း ဓာတ်အားချိတ်ဆက်ပေးပြီး ဓာတ်အားလွှတ်ပေးနိုင်ပါတယ်။ အကယ်၍ ချိတ်ဆက်ပြီး ဓာတ်အား ပေးရမယ့် မူလဓာတ်အားလိုင်းသည် အခြားသောဝန်ကြီးဌာနက တည်ဆောက်ထားပြီး အရေးကြီး စက်ရုံ၊ ရုံးများအတွက် ဖြစ်နေပါက ထိုဌာနထံမှ ဓာတ်အားခွင့်ပြုဆက်သွယ်ခွင့်ကို တောင်းခံရန် လိုအပ်လာပါတယ်။ မေးခွန်းပါ ကျေးရွာများ ဓာတ်အားရရှိရန်အတွက် ချိတ်ဆက်မယ့် ဓာတ်အားလိုင်းဟာ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ အမှတ်(၁၃) ကာကွယ်ရေးပစ္စည်းစက်ရုံ

မှ ၎င်းတို့ရဲ့စက်ရုံအတွက် လျှပ်စစ်ဓာတ်အားရရှိရန် ၎င်းတို့၏ စရိတ်ဖြင့် တည်ဆောက်ထားသော ၃၃ ကေဗွီဓာတ်အားလိုင်းကနေပြီးတော့ ကြားဖြတ်ချိတ်ဆက်ကာ ဓာတ်အားရယူသွားမှာဖြစ်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထိုသို့ ဓာတ်အားလိုင်းမှ ကြားဖြတ်ချိတ်ဆက်ယူခဲ့မယ်ဆိုရင် ကျေးရွာ ဓာတ်အားလိုင်းများမှာ မတော်တဆ လိုင်းအပြစ်တစ်စုံတစ်ရာဖြစ်ပျက်ခဲ့မယ်ဆိုခဲ့ရင် အမှတ် (၁၃) ကာကွယ်ရေး ပစ္စည်းစက်ရုံသို့ပါ အလိုအလျောက်ဓာတ်အားပြတ်တောက်သွားမှာ ဖြစ်ပါတယ်။ ဒီ့အတွက် နောင်မှာ မူလဓာတ်အားရယူထားသော အမှတ်(၁၃) ကာကွယ်ရေးပစ္စည်းစက်ရုံတွင် ဓာတ်အားပြတ်တောက်မှုကြောင့် လုပ်ငန်းအခက်အခဲများ မဖြစ်ပေါ်စေရန် လိုအပ်လာပါတယ်။ ကာယကံရှင်ထံမှလည်း ဒါကြောင့် သဘောတူညီမှုခွင့်ပြုချက်ကို ဓာတ်အားဆက်သွယ်လိုသူက တောင်းခံသွားရတာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါကျေးရွာများ ဓာတ်အားချိတ်ဆက်အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာကာကွယ်ရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နှင့် တကွ လုပ်ထုံးလုပ်နည်းအတိုင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ တင်ပြလျှောက်ထားရန် လိုအပ်ပါကြောင်းနှင့် ထိုသို့လျှောက်ထားမှုအပေါ် ဌာနကနေပြီးတော့ ကျေးရွာများ အမြန်ဆုံး မီးလင်းရေးကို ဦးစားပေး စိစစ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း လေးစားစွာဖြေကြား အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းကို မေးခွင့်ပြုပါခင်ဗျား။ အခုလို လာရောက်ဖြေကြားပေးတဲ့ သက်ဆိုင်ရာဝန်ကြီးကိုလည်း ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒါဟာဆိုလို့ရှိရင် ဒီကျေးရွာ သုံးရွာဟာဆိုလို့ရှိရင် မီးရရှိရေးဆောင်ရွက်ခဲ့တာဟာ ကျွန်တော်တို့ အခုလက်ရှိ အစိုးရလက်ထက်မှာ မဟုတ်ဘဲနဲ့ အရင်ကတည်းက ဆောင်ရွက်ခဲ့ တယ်ဆိုတာကို ကျွန်တော်အနေနဲ့ သိရှိရပါတယ်။ ကျွန်တော်တို့အရင်တုန်းက လွှတ်တော် ကိုယ်စားလှယ်တွေ က.ပ.စ စက်ရုံက လျှပ်စစ် အင်ဂျင်နီယာကျွမ်းကျင်သူတွေနဲ့ ပူးပေါင်းပြီးတော့ မီးရရှိရေးဆောင်ရွက်ခဲ့တယ်ဆိုတာလည်း ကျွန်တော့် အနေနဲ့ သိရှိရပါတယ်။ အဲဒါကြောင့်မို့လို့ အခု ဆိုလို့ရှိရင် ကျေးရွာ တွေဟာဆိုလို့ရှိရင်လည်း နိုင်ငံတော်အစီအစဉ်မစောင့်ဘဲနဲ့ ကျွန်တော်တို့ လုပ်ခဲ့တာလည်းမှန်ပါတယ်။ သို့ပေမဲ့ ကျွန်တော်တို့ အခုဆိုလို့ရှိရင် လျှပ်စစ်မီးသွယ်တန်းဖို့ကိစ္စ မီးလွှတ်ပေးဖို့ကိစ္စဟာဆိုလို့ရှိရင် အဆင်သင့်လည်း ဖြစ်နေပါပြီ။ နောက်တစ်ခုက ငွေလုံးငွေရင်းစိုက်ထုတ်ပြီးတော့ လုပ်ကိုင်ပြီး

ဆောင်ရွက်ခဲ့ကြတာ အမှန်ဖြစ်လို့ အခုကျွန်တော်တို့ အဲဒီကျေးရွာတွေကို မီးရရှိအောင် ဆောင်ရွက် မပေးနိုင်ဘူးဆိုပါက ကျွန်တော်တို့ ကျေးရွာသူ၊ ကျေးရွာသားများအနေနဲ့ သူတို့လုပ်ကိုင် ဆောင်ရွက်ထားတဲ့ဟာတွေက ကျွန်တော်တို့ အဟောသိကံဖြစ်သွားမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ အရင်က ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ အခုလက်ရှိအခြေအနေမှာ အဲဒီကိစ္စကို အကောင်းဆုံး ဆောင်ရွက်ဖြေရှင်းပြီး တော့ ကျွန်တော်တို့ အဆင့်ဆင့်လည်း သက်ဆိုင်ရာလုပ်ထုံး လုပ်နည်းအတိုင်း တင်ဖို့ကြိုးစားပါမယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း အမြန်ဆုံးမီးလင်းရေး ရရှိအောင် ကူညီဆောင်ရွက်ပေးပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ အဆိုပါ ကျေးရွာသုံးရွာသို့ လျှပ်စစ်ဓာတ်အားလွှတ်နိုင်ဖို့အတွက်ဆိုရင် ပထမဦးစွာအဆိုပါသုံးရွာက စောစောက ကျွန်တော်တင်ပြသွားခဲ့တဲ့ အမှတ်(၁၃)ကာကွယ်ရေးပစ္စည်းစက်ရုံထံမှ တစ်နည်းအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာနထံမှ အဆိုပါဓာတ်အားလိုင်းအပေါ်ကနေပြီးတော့ ကြားဖြတ်ပြီးဓာတ်အား ဆက်သွယ်ရယူဖို့ကို သဘောတူပါကြောင်းဆိုတဲ့ စာလေးတစ်ခု တောင်းခံပေးရပါမယ်ခင်ဗျား။ ပြီးလို့ ရှိရင် အဆိုပါကျေးရွာသုံးရွာကနေပြီးတော့ သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးကို ဒီ ဓာတ်အားလိုင်းများတည်ဆောက်ခွင့်နှင့် ထရန်စဖော်မာများတပ်ဆင်ခွင့်ကို သတ်မှတ်လုပ်ထုံး လုပ်နည်းအတိုင်း လျှောက်ထားပေးပို့ ဒုတိယအဆင့်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်ခင်ဗျား။ ပြီးလို့ ရှိရင် တတိယအဆင့်အနေနဲ့ ကျွန်တော်တို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးက ဒီလုပ်ငန်းခွင်ကို သွားရောက်ပြီးတော့လည်း စစ်ဆေးတိုင်းတာပေးပါ့မယ်။ အားလုံးပြီးလို့ရှိရင် မြို့နယ်လျှပ်စစ်အင်ဂျင် နီယာရုံးက တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးကို တင်ပြသွားပြီး တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးက အချက် အလက်အထောက်အထားအားလုံး ပြည့်စုံပြီဆိုရင် ခွင့်ပြုမိန့်ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီခွင့်ပြုမိန့် ဟာ တည်ဆောက်ခွင့် ခွင့်ပြုမိန့်ဖြစ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီး ဖြည့်စွက်ရှင်းလင်းတင်ပြရရင် တည်ဆောက်ပြီးဓာတ်အားလိုင်းများကို ဓာတ်အားလွှတ်ခွင့်ကို စက်မှုဝန်ကြီးဌာနအောက်မှာရှိသော လျှပ်စစ်စမ်းသပ်စစ်ဆေးရေးဌာနသို့ သက်ဆိုင်ရာကျေးရွာသုံးရွာကနေပြီးတော့ ဆက်လက်ဆက်သွယ် ရပါတယ်။ အဓိကအကြောင်းအရင်းကတော့ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ကင်းရှင်းကြောင်းဆိုတဲ့ ခွင့်ပြုမိန့်ကို စက်မှုဝန်ကြီးဌာနက ထုတ်ပေးတာဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနက အဲဒီဓာတ်အားလိုင်း

နှင့် ဓာတ်အားခွဲရုံများတည်ဆောက်ထားတာဟာ လျှပ်စစ်အန္တရာယ်ကင်းရှင်းအောင် သတ်မှတ်စံချိန်စံညွှန်းများဖြင့် တည်ဆောက်ထားတာ မှန်ကန်ပါကြောင်း ထောက်ခံပေးပါက ကျွန်တော်တို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အဆိုပါကျေးရွာသုံးရွာသို့ လျှပ်စစ်ပို့လွှတ်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပေးတဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၂-၉-၂၀၁၆ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကြွရောက် လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံ

စာကို လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ အစီရင်ခံစာတင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/ ၂၀၁၆- ၂၄၄

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ စက် တင် ဘာ လ ၂၄ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၀-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁ / ၂၀၁၆ - ၃၀၅

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၀-၈-၂၀၁၆ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပါသည်။ ၂၀-၉-၂၀၁၆ ရက် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို ယနေ့ခေတ်ကာလနှင့်လျော်ညီစေရန် ပြင်ဆင်လိုခြင်း၊

**မူကြမ်း**

(ခ) နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ(ခ)ပါ နှစ်ပြည့်ပင်စင် ခံစားခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၂ တွင် အသက် ၅၅ နှစ်ပြည့်ပြီးသောဝန်ထမ်းသည် အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်နှစ် ၃၀ ပြည့်သောအခါ နှစ်ပြည့်ပင်စင် ခံစားခွင့်တောင်းခံလာပါက ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်းမပြုရ ဟု ပြဋ္ဌာန်းထားသောကြောင့် နိုင်ငံတော်တွင် လုပ်သက်နှစ် ၃၀ ကာလအထိ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးခဲ့ကြသော အသက် ၅၅ နှစ်မပြည့်သေးသည့် နိုင်ငံ့ဝန်ထမ်းများသည် ၎င်းတို့၏မိသားစုအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များအရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူရန်အတွက် အခက်အခဲဖြစ်ပေါ်လေ့ရှိခြင်း၊

(ဂ) ယခင်က ပြဋ္ဌာန်းကျင့်သုံးခဲ့သော ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင် အပိုဒ် ၁၆၃ အပိုဒ်ခွဲ(ခ)နှင့် မြို့ပြဝန်ထမ်းစည်းမျဉ်းများ အပိုဒ် ၄၆၅ (CSR-465) တို့တွင်လည်း နှစ်ပြည့်ပင်စင်ခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ လုပ်သက်နှစ် ၃၀ ကိုသာ သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဝန်ထမ်း၏အသက်ကိုမူ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိခြင်းတို့ကြောင့် ပြင်ဆင်လိုခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၂-၉-၂၀၁၆ ရက်နေ့နှင့် ၂၃-၉-၂၀၁၆ ရက်နေ့တို့တွင် ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်း၌ အပိုဒ်ပေါင်း ၃ ပိုဒ်သာပါရှိပြီး အတည်ပြုပေးပို့လာသည့် ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၂၄ ပိုဒ်ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အနက် အချက်(၂၄)ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) အပိုဒ် ၇ ကိုလည်း အောက်ပါအတိုင်း ပြင်ဆင်ပါသည်။

**မူကြမ်း**

၇။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဌ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဌ) ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်း

(ဃ) အပိုဒ် ၂၀ ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေ ကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၈-၉-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ တစ်လက်စတည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် အသိပေးချင်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို အတိအကျဖော်ပြပေးပါ။ ဘယ်အပိုဒ် ကိုတော့ ပြင်ဆင်လိုတယ်ပဲ စာသားလေးပါပြီးတော့ ပြင်ဆင်မယ့်အကြောင်းအရာ စာပိုဒ်မပါရင်တော့ ကျွန်တော်တို့ ဒီနည်းဥပဒေအတိုင်း ခွင့်ပြုမှာ မဟုတ်ပါဘူး။ ဒါကိုတော့ ကိုယ်စားလှယ်တော်ကြီးများ အားလုံးသိရှိအောင် ကျွန်တော် အကြံပြုခြင်းဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ တချို့ကပြင်ဆင်မယ် ပြောတယ်။ အပိုဒ်၊ အပိုဒ်ခွဲ ဘယ်အပိုဒ်၊ ဘယ်အပိုဒ်ပြင်ဆင်မယ်ပြောတယ်။ ဘာပြင်ဆင်မယ်မှ မပါဘူး။ ပြင်ဆင်မယ့်အကြောင်းအရာမပါဘူး။ အဲဒီလို နည်းဥပဒေနှင့်မညီတဲ့ကိစ္စကိုတော့ လုံးဝ ခွင့်ပြုမှာမဟုတ်ဘူးဆိုတာကိုတော့ ကျွန်တော်တို့က အားလုံးကို အသိပေးထားခြင်းဖြစ်ပါတယ်။

**ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ ဒေါ်ပုံမဲဆန္ဒနယ်က တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဌေးဝင်းအောင်၊ ဒေါ်ပုံမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့(၂၂-၉-၂၀၁၆) ရက်နေ့တွင် တင်သွင်းသွားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ၁၆ ဦးရှိပါတယ်။ ကိုယ်စားလှယ်တစ်ဦးလျှင် ဆွေးနွေးချိန် ခြောက်မိနစ်ပေးပါမယ်။ ဆွေးနွေးချိန် ခြောက်မိနစ်အတွင်းမှာ ကိုယ်ဆွေးနွေးချင်တဲ့အကြောင်းအရာကို ပြီးပြည့်စုံအောင် ဆွေးနွေးပေးစေလိုပါတယ်။ နောက်တစ်ချက်က ဆွေးနွေးတဲ့အခါမှာ ကျွန်တော်အခုကတည်းက ကိုယ်စားလှယ်တော်ကြီးများအားလုံးကို နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(ဂ)အရ တိတိကျကျ ကျွန်တော်အသိပေးပါမယ်။ အဆိုတစ်ရပ်ကို ဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုနှင့်သာ အတိအကျသက်ဆိုင်စေရမည်။ ဒါကိုတော့ အားလုံးလိုက်နာဖို့လိုပါတယ်။ ဒီအဆိုက အင်းဝအပ်ချုပ်ဆိုင်မှာ အသက်မပြည့်တဲ့မိန်းကလေးအမျိုးသမီးနှစ်ဦး လူ့အခွင့်အရေးချိုးဖောက်ခံရမှုနှင့်ပတ်သက်ပြီးတော့ တင်သွင်းလာတဲ့အရေးကြီးအဆို၊ အဲဒီအရေးကြီးအဆိုအပေါ်မှာပဲ ဒီနည်းဥပဒေပါ ၁၅၈ နည်းဥပဒေခွဲ(ဂ)အရ ဒီအဆိုနှင့်စပ်လျဉ်းတဲ့ အကြောင်းအရာ၊ အချက်အလက်ကိုသာ တိတိကျကျဆွေးနွေးစေလိုပါတယ်။ ဆွေးနွေးတဲ့အခါမှာ နည်းဥပဒေ ၃၉ ပါအတိုင်း ဒီအဆိုနှင့်မဆိုင်တဲ့ အဖွဲ့အစည်းကို ပုတ်ခတ်တာမျိုး၊ တစ်ဦးတစ်ယောက်ကို စွပ်စွဲ ပြစ်တင်တာမျိုး မဖြစ်ဖို့လည်း အထူးသတိပြုပြီးတော့ ဆွေးနွေးစေလိုပါတယ်။ ကျွန်တော်ပြောချင်တာက ဒီအဆိုနှင့်ပတ်သက်တဲ့ဟာကို၊ ဒီအဆိုနှင့်ဆိုင်တဲ့ကိစ္စကို တိတိကျကျ၊ ထိထိမိမိ သတ်မှတ်အချိန်ခြောက်မိနစ်

အတွင်းမှာ အကျိုးရှိစွာ ဆွေးနွေးပေးစေလိုပါတယ်။ ပြီးပြည့်စုံအောင်လည်း ဆွေးနွေးပေးစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ၂၂-၉-၂၀၁၆ ရက်နေ့မှာ ဦးဒွေးဝင်းအောင် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုကို ကျွန်တော်လေးစားစွာဖြင့် ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော်ဆွေးနွေးရတာဟာ မြန်မာနိုင်ငံ၊ နိုင်ငံသားများလူ့အခွင့်အရေးကော်မရှင်မှ ပုဂ္ဂိုလ်အချို့အား ဆိုးရွားပြင်းထန်တဲ့ နှိပ်စက်ညှဉ်းပန်းမှုနှင့် နိုင်ငံသားများ၏ လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာကို ဖြေရှင်းတဲ့နေရာမှာ တရားမဲ့လွန်းရာရောက်တဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့လူ့အခွင့်အရေးကိုလည်း မျက်ကွယ်ပြုရာရောက်တဲ့အတွက် ကျွန်တော်ဆွေးနွေးခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကော်မရှင်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရပေါ်ပေါက်လာတဲ့ ပါတီစုံဒီမိုကရေစီစနစ်ရဲ့အောက်မှာရှိနေကြတဲ့ နိုင်ငံသားတွေရဲ့ ရသင့်ရထိုက်တဲ့ အခြေခံလူ့အခွင့်အရေးတွေပိုမိုရရှိစေရေးနှင့် လူသားအချင်းချင်းအနိုင့်အထက်ပြုကျင့်နှိပ်စက်မှုတွေပပျောက်အောင်ဖော်ထုတ်ပြီး ထိုက်သင့်တဲ့အရေးယူမှုတွေ ဆောင်ရွက်ပေးဖို့ ဖွဲ့စည်းထားတဲ့ကော်မရှင်ဖြစ်ပါတယ်။ ဒါကြောင်မို့လို့ ဒီကော်မရှင်ဟာ ဒီမိုကရေစီစနစ်နဲ့အညီဖြစ်ပေါ်လာတဲ့ အဖွဲ့အစည်းတစ်ခုလည်းပဲဖြစ်ပါတယ်။ ဒီအဖွဲ့ကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဏ္ဍိုင်ကြီးသုံးရပ်ကိုဖွဲ့သလို အခြေခံဥပဒေပြဋ္ဌာန်းချက်တွေကို ကိုးကားပြီးတော့ ဌာနဆိုင်ရာတွေအနေနဲ့ ဖွဲ့ထားတဲ့အဖွဲ့မဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ဃ)အရ အစိုးရကဥပဒေတစ်ရပ်ကိုပြဋ္ဌာန်းပြီးတော့ ဖွဲ့စည်းထားတဲ့ အဖွဲ့ကြီးလည်းဖြစ်ပါတယ်။ ကော်မရှင်ဥပဒေအခန်း(၂) ပုဒ်မ ၃ ပါ ရည်ရွယ်ချက်အတိုင်း နိုင်ငံသားများရဲ့မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရမယ်။ ပုဒ်မ ၁၁ အရ တာဝန်ထမ်းဆောင်ရာမှာ ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာဆောင်ရွက်ရမယ်။ ပုဒ်မ ၆၁ အရ တာဝန်ထမ်းဆောင်တဲ့နေရာ

မှာလည်းပဲ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၁ နှင့်အညီ ပြည်သူ့ဝန်ထမ်းများအဖြစ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအရေးကြီးအဆိုကို တင်သွင်းသူက စတင်ပြီးတော့ သွင်းရတာဟာလည်းပဲ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး အသိပဲဖြစ်တဲ့အတွက် ဒါကို ကျွန်တော်အကျယ်ချဲ့ပြီးမပြောလိုတော့ပါဘူး။ ဒီဖြစ်ရပ်နှင့်ပတ်သက်ပြီးတော့ကြည့်မယ်ဆိုလို့ရှိရင် ဒီဖြစ်ရပ်ဟာရာဇဝတ်မှုကြီးများကို အကြိမ်ကြိမ်ကျူးလွန်ပြီးတော့ နိုင်ငံသားအခွင့်အရေးတွေကို အကြိမ်ကြိမ်ချိုးဖောက်နေတယ်ဆိုတဲ့အခြေအနေကို ထင်ထင်ရှားရှားတွေ့ရတာပဲ ဖြစ်ပါတယ်။ ဒီတိုင်ချက်ပေါ်မှာ လူ့အခွင့်အရေးကော်မရှင်က မစန်းကေခိုင်အား သိန်း ၄၀၊ မသဇင်အား ၁၀ သိန်း နစ်နာကြေးလက်ခံလို့ ဖြေရှင်းပေးခဲ့တာဖြစ်ပါတယ်။ ကော်မရှင်အနေနဲ့ အင်းဝ အပ်ချုပ်ဆိုင်မိသားစုမှ အိမ်အကူနှစ်ဦးအပေါ် ပြုမူချက်နှင့်ပတ်သက်ပြီးတော့ အနှိပ်စက်ခံမိန်းကလေးနှစ်ဦးနှင့် မိဘများရှိရာကို ပုဒ်မ ၂၂ အရ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ကွင်းဆင်းစစ်ဆေးပြီးတော့ ဆောင်ရွက်ပေးခဲ့ခြင်းမဟုတ်ဘဲနဲ့ ရဲတပ်ဖွဲ့ရဲ့တင်ပြချက်အပေါ်မှာအတည်ပြုပြီးတော့ ညှိနှိုင်းပေးခဲ့တယ်ဆိုတာလည်း ပေါ်ပေါက်နေတာဖြစ်ပါတယ်။ ဒ့ါအပြင် ကော်မရှင်အား အင်းဝအပ်ချုပ်ဆိုင်မိသားစုမှ ပြဋ္ဌာန်းဥပဒေများကို ကျူးလွန်ဖောက်ဖျက်ကြောင်း ထင်သာမြင်သာရှိသော အချက်အလက်များအား တွေ့ရှိရပါလျက် အဖွဲ့အားလုပ်ပိုင်ခွင့်ပေးထားသည့် ဥပဒေပါလုပ်ပိုင်ခွင့်များကို အသုံးမပြုဘဲနဲ့ စေ့စပ်ညှိနှိုင်းရန်ကိုသာ တရားသေစွဲကိုင်ပြီးတော့ လုပ်ကိုင်ခဲ့တာကိုလည်း တွေ့ရတာဖြစ်ပါတယ်။ ဒီဖြစ်ရပ်ဟာ အမျိုးသားလူ့အခွင့်အရေးခေါင်းစဉ်အောက်မှာရှိတဲ့ ကော်မရှင်အဖွဲ့အစည်းအနေနဲ့ လူလူချင်းညှာတာမှုကင်းမဲ့ကာ လူ့သမိုင်း၏ကျေးကျွန်ခေတ်အခါက ကျွန်ရှင်များက ကျေးကျွန်များကို ငွေပေးဝယ်ပြီးတိရစ္ဆာန်ကဲ့သို့ ဆိုးရွားပြင်းထန်သော နှိပ်စက်မှုပြုလုပ်သကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှုရှိကြောင်း အထင်အရှားတွေ့ရှိချက်အပေါ် လျစ်လျူရှုမျက်ကွယ်ပြုပြီး ကျေးရွာရပ်ကွက်တစ်ခုအတွင်းမှာဖြစ်ပွားတဲ့ သာမန်လူမှုရေးပြဿနာတစ်ခုကို ငွေကြေးဖြင့်ညှိနှိုင်းကျေအေးစေခြင်းမျိုးကိုအသုံးပြုပြီး အဆုံးသတ်စေခဲ့ကြရပါတယ်။ လူ့အခွင့်အရေးကော်မရှင်ဟူသော အခန်းကဏ္ဍကို သေးသိမ်အောင် ဆောင်ရွက်တယ်လို့လည်း မြင်မိပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်အနေနဲ့ ဤကဲ့သို့ဖြေရှင်းဆောင်ရွက်တာဟာ ဥပဒေအရ မိမိနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ရှာဖွေဖော်ထုတ်တင်ပြရမယ့်အစား ထိုချိုးဖောက်မှုတွေကို အကာအကွယ်ပေးနိုင်မည့် ခံကတုတ်အဖြစ်ဖွဲ့စည်းထားတဲ့ ကော်မရှင်အလား

ဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ လူ့အခွင့်အရေးကော်မရှင်အနေနဲ့ ဒီလိုလူ့အခွင့်အရေးချိုးဖောက်မှုတွေကို ပေါ့ပေါ့တန်တန်သဘောထားပြီး လုပ်ဆောင်နေခြင်းမျိုးဖြစ်နေ၍ ကမ္ဘာ့အလယ်မှာလည်း ရှက်ဖွယ်ရာလည်းဖြစ်ပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်သူတွေကို ဖော်ထုတ်ရမယ့်အဖွဲ့အစည်းက ဖြစ်ပွားတဲ့အမှုရဲ့အတိမ်အနက်ကို မကြည့်ဘဲနဲ့ အမှုပိတ်သိမ်းရအောင်၊ သက်သာခွင့်ရအောင် ဆောင်ရွက်ပေးနေတယ်လို ဥပဒေကြောင်းအရလည်းပဲ အမြင့်ဆုံးထိဆောင်ရွက်ရမယ့်ကိစ္စကို ငွေပေးပြီးအနိမ့်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးခဲ့ခြင်းမျိုးမှာ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှပုဂ္ဂိုလ်တချို့က တစ်မျိုးသားလုံးရဲ့သိက္ခာချနေတဲ့သဘောမျိုးကိုလည်း တွေ့မြင်ရပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခန်း(၈)ပါ နိုင်ငံသားများ၏မူလအခွင့်အရေးပါ ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၃၅၈ ပါ ကျေးကျွန်ပြုမှုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်မှုကို ပြဋ္ဌာန်းထားတဲ့အချက်များကိုလည်း ဆန့်ကျင်ရာရောက်နေတာ တွေ့ရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ နောက်ဆုံးနိဂုံးချုပ်တင်ပြလိုတာက အစိုးရသစ်ရဲ့မူဝါဒအရ လူ့အခွင့်အရေးကို ကာကွယ်တိုးမြှင့်ရန် အရှိန်ယူနေချိန် နိုင်ငံတကာမှလည်း မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုနှင့် လုပ်ငန်းများကို အကောင်းမြင်ပူးပေါင်းဆောင်ရွက်ရန်ပြင်ဆင်နေချိန်မှာ ယခုကဲ့သို့ကော်မရှင်၏ဖြေရှင်းမှုသည် နိုင်ငံတကာ၏ပုံရိပ်မှာ များစွာနိမ့်ကျပြီးတော့ ထိခိုက်နေပါတယ်။ ဒါကြောင့်မို့လို့ ဦးဌေးဝင်းအောင်ရဲ့အဆိုကို လေးစားစွာလေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်းဝင်း(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို တင်သွင်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့်အပြင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို လေးလေး

နက်နက်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဖြစ်စဉ်ကတော့ ရန်ကုန်၊ ကျောက်တံတားမြို့နယ် လမ်း(၄၀)ရှိ အင်းဝအပ်ချုပ်ဆိုင်၏ မိသားစုဝင်များက အရွယ်မရောက်သေးတဲ့ အိမ်အကူမိန်းကလေး နှစ်ဦးကို လူမဆန်စွာနှိပ်စက်လို့ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်တွေအပေါ်မှာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရဲ့ပြဿနာဖြေရှင်းကိုင်တွယ်ပုံကို သတင်းစာရှင်းလင်းပွဲပြုလုပ်ရာကနေ တစ်ဆင့် ပြည်သူများသိကြတဲ့အခါမှာ အားလုံးရဲ့ဘဝင်မကျမှုတွေကနေ အစပြုခဲ့တာဖြစ်ပါတယ်။ အားလုံးသိပြီးဖြစ်တဲ့ဖြစ်စဉ်တွေကို ဆွေးနွေးမနေတော့ဘဲနဲ့ ဘာ့ကြောင့်ဒီကော်မရှင်အဖွဲ့ဝင်တချို့ကို ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယခုဖြစ်ရပ်မှာ လူ့အခွင့်အရေးနှင့်လူ့ဂုဏ် သိက္ခာကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးရမယ့် တာဝန်ရှိအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်အချို့ဟာ အချိန်နှင့်တစ်ပြေးညီ ချက်ချင်းအရေးယူ ဆောင်ရွက်ပေးမှုမရှိခြင်း၊ တည်ဆဲတရားဥပဒေနှင့်အညီ ဆောင်ရွက်ပေးမှုမရှိခြင်းတို့ကိုတွေ့ရပြီး ကော်မရှင်ဥပဒေနှင့်မညီတာကိုလည်းတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဟာ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၁) မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေအရ ပေါ်ပေါက်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေရဲ့ အခန်း(၂) ရည်ရွယ်ချက်များရဲ့ ပုဒ်မ ၃ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ကတော့ ကုလသမဂ္ဂက ထုတ်ပြန်ကြေညာသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိ အမှတ်ပြု၍ လူ့အခွင့်အရေးကိုလေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေ ရန်ဆိုတဲ့အချက်နှစ်ချက် ပါဝင်ပါတယ်။ ယခုဖြစ်စဉ်မှာတော့ အိမ်အကူမိန်းကလေးနှစ်ဦးရဲ့ ညှဉ်းပန်း နှိပ်စက်ခံရတဲ့အနေအထားမှာ ဒီဥပဒေပါ ရည်ရွယ်ချက်များနှင့် ကော်မရှင်အဖွဲ့ဝင်တချို့ဟာ အကာ အကွယ်ပေးခြင်းမရှိခဲ့တာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၈ မှာလည်း နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့်လူကုန်ကူးမှုများကို တားမြစ်သည်ဟုပါရှိပါတယ်။ ဒါကို

လည်းကော်မရှင်ကမျက်ကွယ်ပြုနေတာကို တွေ့ရပါတယ်။ ကုလသမဂ္ဂရဲ့ အပြည်ပြည်ဆိုင်ရာကြေညာစာတမ်းအပိုဒ် ၄ ကတော့ မည်သူ့ကိုမျှကျွန်အဖြစ် စေခိုင်းခြင်းမပြုစေရ၊ အပိုဒ် ၅ က မည်သူ့ကိုမှ မတရားနှိပ်စက်ခြင်းမရှိစေရဆိုတဲ့အချက်များကိုလည်း ဆန့်ကျင်နေတာတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်ဥပဒေအခန်း(၆) လုပ်ငန်းစစ်ဆေးခြင်းအခန်း ပုဒ်မ ၂၉ မှာ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် သဘာဝတရား၏မျှတမှုသဘောတရားနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ထို့အပြင် တရားမကျင့်ထုံး၊ ရာဇဝတ်ကျင့်ထုံး၊ သက်သေခံအက်ဥပဒေတို့ပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလိုကျင့်သုံးဆောင်ရွက်နိုင်သည်ကိုလည်း ဖော်ပြထားပါတယ်။ ပုဒ်မ ၃၄ မှာတော့ ကော်မရှင်သည် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ရာတွင် တိုင်တန်းချက်ပါအကြောင်းခြင်းရာသည် ညှိနှိုင်း၍ရနိုင်သော အလားအလာရှိသည်ဟုယူဆပါက ညှိနှိုင်းဖြေရှင်းသောနည်းလမ်းကို အသုံးပြုပြီးဖြေရှင်းဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီဖြစ်ရမည်လို့လည်း ဖော်ပြထားတာတွေ့ပါတယ်။ ရာဇသတ်ကြီးပုဒ်မ ၂၀၂ မှာတော့ ပြစ်မှုကျူးလွန်ပြီးကြောင်းသိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်ဖြစ်စေ မည်သူ့ကိုမဆိုထိုပြစ်မှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီပေးရန်တာဝန်ရှိသောသတင်းကို မပေးဘဲတမင်ပျက်ကွက်လျှင်လည်း ပြစ်မှုမြောက်တာကို ဒါ ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါ့ကြောင့်မို့လို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်အချို့ရဲ့ဆောင်ရွက်ချက်ဟာ မူလကော်မရှင်ဥပဒေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါအချက်များနှင့် လွဲချော်နေတာကိုလည်း တွေ့ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အမည်နာမအဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကော်မရှင်၏အဆင့်အတန်းသတ်မှတ်ချက်၊ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်းများကို ဥပဒေနှင့် အတိအကျပြဋ္ဌာန်းပေးထားသော်လည်း ယခုဖြစ်ရပ်မှာ ကော်မရှင်အဖွဲ့ဝင်အချို့ဟာ ဥပဒေပါလုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီအောင် ဆောင်ရွက်ခြင်းမရှိတာကို ၎င်းတို့သတင်းစာရှင်းလင်းပွဲမှာ ပေါ်လွင်စွာတွေ့ရပါတယ်။ ကော်မရှင်ရဲ့နှစ်ပတ်လည်အစီရင်ခံစာအရ ကြည့်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ပြီးခဲ့တဲ့ ဖွဲ့စည်းပြီးကာလမှာ တိုင်ကြားစာပေါင်း ၁၂၀၀ ကျော်လက်ခံရရှိရာမှာ စုစုပေါင်း ၁၀၀ ကျော်ကိုပဲ ဖြေရှင်းနိုင်ခဲ့တာကို တွေ့ရပါတယ်။ ကော်မရှင်ရဲ့ အသုံးစရိတ်ကို ပြန်ကြည့်မယ်ဆိုလို့ရှိရင်လည်း ၂၀၁၅ ခုနှစ်မှာ ထောက်ပံ့အသုံးစရိတ်ငွေ ကျပ်သိန်းပေါင်း ၆၆၀၀ ကျော်ဖြစ်ပြီးတော့ သုံးစွဲတဲ့ငွေများကတော့ ကျပ်သိန်းပေါင်း ၆၅၀၀ နီးပါးသုံးစွဲတာကို

လည်း တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ အပ်နှင်းထားတဲ့အခွင့်အာဏာ၊ အဆောင်အယောင်ခံစားခွင့်တို့နှင့် ဆောင်ရွက်ချက်များဟာ ပြည်သူအများက အားမလိုအားမရ ဒီနေ့အချိန်မှာဖြစ်နေတာကိုလည်း ကျွန်တော်တို့ ကြားသိနေရပါတယ်။ ယခုအချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ ဖက်ဒရယ်ပြည်ထောင်စုဒီမိုကရေစီစနစ်ကို အပြည့်အဝဖော်ဆောင်ပြီး ငြိမ်းချမ်း၍ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ဖြစ်အောင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်အသီးသီးနှင့် တပ်မတော် အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ကြိုးပမ်းနေတဲ့ကာလဖြစ်ပါတယ်။ ဒီလိုပြောင်းလဲချိတက်ရာမှာ အားလုံးဟာ အသွင်သဏ္ဌာန်အရရော၊ အနှစ်သာရအရပါပြောင်းလဲမှ အောင်မြင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်ရဲ့ဆောင်ရွက်ချက်တွေ၊ ဂုဏ်သတင်းတွေနဲ့ ကမ္ဘာ့အလယ်မှာ ကျွန်တော်တို့နိုင်ငံဟာ လက်ရှိအနေအထားမှာ ဂုဏ်တက်ပြီးတော့မှမြင့်မားနေတဲ့ အချိန်မှာ အခုကော်မရှင်အဖွဲ့ဝင်အချို့ရဲ့ ဆောင်ရွက်ချက်များကတော့ လူ့အခွင့်အရေးကိုပျက်ရယ် ပြုရာရောက်ပြီးတော့ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ကမ္ဘာ့အလယ်မှာ အရှက်ရသိက္ခာကျစေတဲ့ အဖြစ်အပျက်တွေဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားများရဲ့အကျိုးစီးပွားကိုထောက်ထားပြီး စာနာစိတ်၊ စောင့်စည်းမှု၊ ဆင်ခြင်တုံတရားအားကောင်းပြည့်ဝသူများနှင့် အမြန်အစားထိုးလဲလှယ်ဖို့လည်း ပြည်သူလူထုအများက ဆန္ဒပြုနေကြပြီဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အဆိုရှင် ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချိုတင်သွင်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ် မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာ အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းမြင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဗဟန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ဖြစ်ပါတယ်။ ၂၂-၉-၂၀၁၆ ရက်နေ့က ဦးဌေးဝင်းအောင်တင်သွင်းတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေး

ချိုးဖောက်မှုများကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မရှင်တာဝန်ရှိသူ အချို့ရဲ့ လွဲမှားသောလုပ်ဆောင်ချက်များကြောင့် မြန်မာနိုင်ငံသူနိုင်ငံသားများရဲ့ လူ့အခွင့်အရေးကို စောင့်ရှောက်ကာကွယ်ပေးဖို့ ရည်ရွယ်ချက်ကောင်းများနဲ့ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရဲ့ ပုံရိပ်ကောင်းတွေဟာ ညှိုးနွမ်းခဲ့ရပြီလို့ ပဏာမပြောကြားချင်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်အတွင်းဖြစ်ပွားခဲ့တဲ့ မိန်းကလေးငယ်နှစ်ဦးကို လူမဆန်စွာညှဉ်းပန်းနှိပ်စက်မှု၊ ကျွန်ပြုမှု၊ မတရားခေါင်းပုံဖြတ်မှု စတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီပြစ်မှုကိုကျူးလွန်သူတွေဟာ အိမ်ဖော် မိန်းကလေးငယ်များကို နှစ်နဲ့ချီပြီး လုပ်ခလစာများမပေးတဲ့အပြင် မိဘဆွေမျိုးသားချင်းများနဲ့လည်း လပေါင်းများစွာတွေ့ခွင့်မပေးဘဲ ပိတ်ပင်ထားခဲ့ကြပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

ဒါတွေကတော့ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရတဲ့ပုံတွေပဲဖြစ်ပါတယ်။ မိန်းကလေးငယ်တစ်ဦးကို လက်ချောင်းများကျိုးအောင်၊ လူစဉ်မမီတော့အောင် နှိပ်စက်ညှဉ်းပန်းခဲ့ကြပါတယ်။ အသားကို ဓားဖြင့် မွှမ်းခြင်း၊ ကတ်ကြေးဖြင့်ထိုးခြင်းများကို လူမဆန်စွာပြုလုပ်ခဲ့ကြပါတယ်။ ဒီဖြစ်ရပ်ဟာ သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်၊ ကျွန်ပိုင်ရှင်ခေတ်တွေက ကျေးကျွန်များကို လူလို့သဘောမထားကြဘဲ မိမိ တိရစ္ဆာန်တွေလို နှိပ်စက်ညှဉ်းပန်းခဲ့ကြတာတွေကို ပြန်လည်သတိရစေပါတယ်။ ဒီဖြစ်ရပ်ဟာ ယဉ်ကျေး တဲ့လူ့အသိုင်းအဝိုင်းမှာ အလွန်ထိတ်လန့်တုန်လှုပ်ခြောက်ခြားဖွယ်ရာကိစ္စတစ်ခုပါပဲ။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့်တာဝန်များအခန်း ပုဒ်မ ၃၅၈ မှာ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများ ကို တားမြစ်သည်လို့ အတိအလင်းပြဌာန်းထားပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းပါ လူသားတို့ရဲ့မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးဖို့အတွက် မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းပေးခဲ့တာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဟာ ကျွန်ပြုခြင်း ကိုခံခဲ့ရတဲ့ အိမ်ဖော်မလေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း အဆောတလျင် မပြုပေးနိုင်ခဲ့ဘဲ လူ့အခွင့်အရေးချိုးဖောက်ခဲ့တဲ့သူများဘက်ကနေပြီး ရပ်တည်ဆောင်ရွက်မှုမျိုး လုပ်ဆောင်မိခဲ့ကြတယ်ဆိုတာ ထင်ရှားပေါ်ပေါက်နေပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ တင်ပြ ချင်တာက ၁၅-၉-၂၀၁၆ ရက်နေ့ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ရုံးမှာ ညှိနှိုင်းဆွေးနွေးပွဲတစ်ခု

ပြုလုပ်ခဲ့ပါတယ်။ လူ့အခွင့်အရေးကော်မရှင်မှ ဦးဆောင်ခဲ့သူတစ်ဦးက ညှဉ်းပန်းနှိပ်စက်ခံခဲ့ရတဲ့ မျက်နှာမဲ့ မိဘအုပ်ထိန်းသူနှစ်ဦးအား အောက်ပါအတိုင်းပြောကြားခဲ့ပါတယ်။

ရာဇာထွန်းဘက်ကတော့ လမ်းဖွင့်ပေးထားပြီးပြီ။ အဲဒီတော့ ခင်ဗျားတို့ဘက်က စဉ်းစားရမယ့် ဥစ္စာက ပြီးပြီးသားကိစ္စကို ပြီးပြီလို့သဘောထားမလား သို့မဟုတ် တရားဥပဒေကြောင်းအရ သွားမလား။ ဆိုလိုတာကတော့ နှစ်ခုမှာတစ်ခုပဲသွားဖို့ တိုက်တွန်းခဲ့ပါတယ်။ ပြီးတော့ ငွေသိန်းငါးဆယ် နှင့် ကျေအေးဆွေးနွေးပေးခဲ့ပါတယ်။ ဒါပေမဲ့ ကော်မရှင်ရဲ့သတင်းစာရှင်းလင်းပွဲတွင် နစ်နာမှုများ အတွက် လျော်ကြေးငွေပေးခဲ့သော်လည်း တရားဥပဒေကြောင်းအရ ဆက်သွားနိုင်ကြောင်း လမ်းဖွင့် ပေးခဲ့ပါတယ်ဟု လိမ်ညာပြောဆိုခဲ့ပါတယ်။ ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင်တချို့က နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဒေါ်စုကြည်ဟုလည်းကောင်း၊ မိမိလည်း တစ်ခါတရံ အိမ်ဖော်မလေးများကို ရိုက်တာပါပဲဟုလည်းကောင်း ပြောကြားခြင်းသည် တရားဥပဒေကိုချိုးဖောက်ပြီး သူတစ်ပါး၏ဂုဏ် သိက္ခာကို ထိပါးစော်ကားမှုများပြုလုပ်ခဲ့ပါတယ်။ ဒီလိုလူ့အသိုင်းအဝိုင်းမှာ ကျော်မကောင်းကြား မကောင်းအောင်ဖြစ်နေတဲ့ကိစ္စကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်မှ တရားဥပဒေစိုးမိုးရေး အတွက် တရားဥပဒေလမ်းကြောင်းအရ အရေးယူဆောင်ရွက်ကူညီပေးရမယ့်အစား ငွေကြေးပေး လျော်မှုဖြင့် ကြားဝင်ဆောင်ရွက်မှုပြုခဲ့ပါတယ်။ ဒါဟာ ကြီးတဲ့အမှုကိုငယ်စေ၊ ငယ်တဲ့အမှုကိုပပျောက် စေဆိုတဲ့ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တယ်လို့ မည်သို့ပင်ခုခံကာကွယ်ပြောကြားစေကာမူ လူမဆန် စွာကျူးလွန်ခဲ့တဲ့ပြစ်မှုတစ်ခုကို ငွေကြေးနဲ့ဖုံးဖိဖို့ ကြားဝင်စွက်ဖက်ကြိုးပမ်းရာရောက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဦးဌေးဝင်းအောင်ရဲ့အရေးကြီးအဆိုကို ထောက်ခံကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ကြွရောက်လာသော အစိုးရအဖွဲ့တာဝန်ရှိပုဂ္ဂိုလ်များ၊ လေ့လာသူများကို အားလုံး မင်္ဂလာပါ လို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေမျိုးထက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ လူသားများဖြစ်ပါ တယ်။ သွေးသားများဖြင့်တည်ဆောက်ဖွဲ့စည်းထားပြီး အသက်ရှင်နေထိုင်ရသူများဖြစ်ပါတယ်။ လူသား တိုင်းဟာ အတူတူပဲဖြစ်ပါတယ်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ အသားဖြူသည်ဖြစ်စေ၊

အသားမည်းသည်ဖြစ်စေ အတူတူပါပဲ။ အားလုံးဟာ အနီရောင်သွေးသားများနဲ့ ကိုယ်ခန္ဓာအတွင်း လှည့်ပတ်ပြီးတော့ အသက်ရှင်နေထိုင်ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားများဖြစ်တဲ့အလျောက် လူသားတို့ရဲ့စာနာစိတ်ကို ထားရှိရမှာဖြစ်ပါတယ်။ အင်းဝအပ်ချုပ်ဆိုင်မိသားစုမှ အိမ်အကူများကို လူသားများအပေါ် ဆက်ဆံသလို မဆက်ဆံဘူးဆိုတာ သိသာထင်ရှားပါတယ်။ နောက်ပြီးတော့ ကျွန်တော်ဟာ ဖခင်တစ်ယောက်ဖြစ်တဲ့အတွက် သာမန်အားဖြင့် ထိခိုက်မှုလေးတစ်ခု သားသမီးတွေ အပေါ်ဖြစ်လာရင် ကျွန်တော်ဟာ ရင်ထုမနာဖြစ်ရပါတယ်။ ဒါကြောင့် ကလေးမလေးတို့၏မိဘများ ဟာလည်း သူတို့သားသမီးအပေါ် ဒီလိုနှိပ်စက်ညှဉ်းပန်းခံရတာကို တွေ့မြင်ရတဲ့အခါ အရမ်းခံစားရ မယ်ဆိုတာ ကျိန်းသေပါတယ်။ ကျွန်တော်တို့ ကိုယ်ချင်းစာတရားတွေနဲ့ ကြည့်ကြရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ အခုပြထားတဲ့ပုံကတော့ ညှဉ်းပန်း နှိပ်စက်ခံရသောကလေးများပုံဖြစ်ပါတယ်။ လက်တွေအချိုးခံထားရပါတယ်။ ဒီဆယ်ကျော်သက် လူမမယ်ကလေးများဟာ ဒီလိုခံစားရတယ်ဆိုရင် ဘယ်လောက်စိတ်ထိခိုက် ခံစားရမယ်ဆိုတာ ပြောစရာမလိုတော့ပါဘူး။ သူတို့ဘဝတစ်သက်လုံးမှာလည်း ဒဏ်ရာတွေဟာ ယူဆောင်သွားရမှာဖြစ် ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စဟာ လူသားမဆန်သောညှဉ်းပန်းနှိပ်စက်မှုဖြစ်ပါတယ်။ ကျွန်တော် တို့ ယဉ်ကျေးသောလူ့အသိုင်းအဝိုင်းမှ ပြင်းပြင်းထန်ထန်ထိထိရောက်ရောက် အရေးယူအပြစ်ပေးရပါ မယ်ခင်ဗျား။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်တချို့အနေဖြင့် ပေးအပ်ထားသောတာဝန်နှင့် လုပ်ပိုင်ခွင့်များအပေါ် ပျက်ကွက်မှုများကို ကျွန်တော်တင်ပြပါမယ်။ ဒါဟာ UDHR(University Declaration of Human Rights) အပိုဒ် ၄၊ ၅၊ ၇၊ ၈၊ ၁၀ တို့ကို ချိုးဖောက် ထားသောအမှုဖြစ်နေပါတယ်။ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (ဂ)၊ (ဃ)ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပျက်ကွက်ခြင်းတို့သည် ကော်မရှင်ဥပဒေပုဒ်မ ၆၂ ပါ သဘောရိုးဖြင့်ဆောင်ရွက်ခြင်းဟုတ်/မဟုတ် ဆိုတာ သံသယဖြစ်ဖွယ်ရှိနေပါတယ်။ ပုဒ်မ ၃၂ တွင် တိုင်တန်းချက်တစ်ရပ်ရရှိလျှင် အဆိုပါ တိုင်တန်း ချက်မှာ သဘောရိုးနှင့်တိုင်ကြားရခြင်းမဟုတ်ခြင်း၊ ကော်မရှင်ရဲ့လုပ်ပိုင်ခွင့်အတွင်း မကျခြင်းနှင့် အခြားကြောင်းကျိုးညီညွတ်စွာ တိုင်တန်းနိုင်သည့်နည်းလမ်းရှိသည့်ကိစ္စမှအပ စုံစမ်းစစ်ဆေးပေးရ မည်ဟု အတိအလင်းရှိပါလျက် မိမိတာဝန်ကိုကျေပွန်စွာမဆောင်ရွက်ခဲ့ခြင်းဟု သုံးသပ်မိပါတယ်။ လူ့အခွင့်အရေးဖောက်ဖျက်ခံရသူ ကာယကံရှင်များဘက်မှ မိခင်နှင့်အဒေါ်ဖြစ်သူကိုသာ တွေ့ဆုံ မေးမြန်းရာတွင် နိုင်ငံတကာအခွင့်အရေးအဖွဲ့အစည်းများ၏ တွေ့ဆုံမေးမြန်းမှု၊ စံနှုန်းများနှင့် ကိုက်ညီ မှုမရှိခြင်းကို တွေ့ရှိရပါတယ်။ ကော်မရှင်အဖွဲ့ဝင်များဘက်မှ ၎င်းတို့ဖြစ်စေလိုသောနည်းလမ်းများကို

ဦးဆောင်လမ်းကြောင်းပေး ပြောဆိုနေခြင်းကြောင့် ကာယကံရှင်နစ်နာသူဘက်ကို ဖိအားပေးသကဲ့သို့ ဖြစ်နေခြင်းစတာတွေဟာ အမှန်တကယ်ဥပဒေချိုးဖောက်ခံရသူဘက်မှ ဥပဒေနှင့်အညီ တံတိုင်းသဖွယ် ရပ်တည်ရမယ့်အစား ငွေပေးပြီးကျေနပ်လျှင် ပြီးစတမ်းဟူသောသဘောဖြစ်နေပါတယ်။ တရားဥပဒေကို ငွေဖြင့်လွှမ်းမိုးခွင့်ပေးရာရောက်ပြီး ကော်မရှင်အဖွဲ့ဝင်အချို့၏ တာဝန်ပျက်ကွက်မှုမှာ သိသာထင်ရှားနေပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်ဟာ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ ဒေါပုံမဲဆန္ဒနယ်မှ တင်သွင်းသည့်အရေးကြီးအဆိုဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာ အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)။** ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး ဖြစ်ပါတယ်။ ဒေါပုံမဲဆန္ဒနယ် ဦးဌေးဝင်းအောင် တင်သွင်းသွားတဲ့ အရေးကြီးအဆိုနှင့်ပတ်သက်ပြီးတော့ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာနိုင်ငံကို ကြည့်မယ်ဆိုရင် ခေတ်မီဖွံ့ဖြိုးလှပြီဆိုတဲ့မြို့ပြကြီး ရန်ကုန်မှာတောင် ယခုလို လူ့အခွင့်အရေးချိုးဖောက်မှုများ မကြာခဏဖြစ်နေတာကိုကြည့်ခြင်းအားဖြင့် ယခုအချိန်အထိ နေ့စဉ်ရက်ဆက် စစ်ပွဲများဖြစ်နေတဲ့နေရာများဆိုရင် မရေတွက်နိုင်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများ မည်မျှပင်ဖြစ်နေမယ်ဆိုတာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး နားလည်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ နေ့စဉ်ရက်ဆက် စစ်ဖြစ်ပွားတဲ့ဒေသများမှာဆိုရင် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အမျိုးသမီးများနှင့် အရွယ်မရောက်သောမိန်းကလေးငယ်များအား လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများကိုခံရခြင်း၊ အပြစ်မဲ့အရပ်သားများကိုပစ်မှတ်ထားပြီး လက်နက်ကြီးများပစ်ခြင်း၊ အတင်းအဓမ္မပေါ်တာဆွဲခြင်း၊ လမ်းပြခိုင်းခြင်း၊ အပြစ်မဲ့ပြည်သူများရဲ့ အိုးအိမ်များကို ရည်ရွယ်ချက်ရှိရှိ မီးရှို့ခြင်း။ ကျွန်မတို့မြို့နယ်မှာဆိုရင် NCA လက်မှတ်ထိုးထားသော လက်နက်ကိုင် အဖွဲ့အစည်းအချို့

ရဲ့ အကြီးမားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုများကိုခံစားရပြီး ပညာသင်ကြားနေသော ကလေးငယ်များလည်း ပညာကောင်းမွန်စွာမသင်ရဘဲ လူ့အခွင့်အရေးများစွာ ဆုံးရှုံးမှုများကို အလူးအလဲခံစားနေရပါတယ်။ သို့သော်လည်း ယခုအချိန်အထိ ကျွန်မတို့ ဒေသခံပြည်သူများမှာဆိုရင် တာဝန်ရှိတဲ့အစိုးရများ၏ စကားဖြင့် နှစ်သိမ့်တာကလွဲပြီး ပညာသင်ကလေးငယ်များကို ကောင်းမွန်စွာ ပညာသင်ကြားနိုင်အောင် မလုပ်ပေးနိုင်သေးတာကို ဝမ်းနည်းစွာ မြင်တွေ့နေရပါတယ်။ မီဒီယာများ လက်လှမ်းမီသောနေရာများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ခံရတာနဲ့ လွှတ်တော်နှင့် ဥပဒေ အရပါ ချက်ချင်းအရေးယူနိုင်သော်လည်း နေ့စဥ်ရက်ဆက် စစ်ဖြစ်ပွားသောဒေသများမှာဆိုရင် လူ့အခွင့်အရေးချိုးဖောက်ခံရသော ပြည်သူများ စိစိညက်ကြေ ခေါင်းတစ်ပိုင်း၊ ကိုယ်တစ်ပိုင်းဖြစ်တာ တောင်မှ အားလုံးရဲ့ ဥပေက္ခာပြုခြင်းကို ခံနေရပြီး လူ့အခွင့်အရေးကော်မရှင်ဆိုတာ ကြားတောင မကြားဘူးပါဘူး။ မိမိပိုင်ဆိုင်သော အိုးခွက်စုတ်များကို ပလိုင်းစုတ်ထဲထည့်ပြီး သားသမီးများရဲ့လက် များကိုစွဲပြီး အသက်လုပြေးနေရပါတယ်။ လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်ပြီးတော့ ကျွန်မ အကြံပြုချင်ပါတယ်။

နံပါတ်(၁) ကော်မရှင်ကို ဖျက်သိမ်းပြီး အသစ်ပြန်လည်ဖွဲ့စည်းရန်နှင့် အပြင်လက်တွေ့တွင် အပြည့်အဝလှုပ်ရှားနိုင်သူများကို ထည့်သွင်းခန့်ထားခြင်းအားဖြင့် မတရားမှုကြောင့် လူ့အခွင့်အရေး ဆုံးရှုံးသူတွေလက်ကနေ အမှန်တရားပေါ်ပေါက်လာမည်။ လူ့အခွင့်အရေးအမှန်တကယ်လေးစားပြီး ဘက်မလိုက်ဘဲ မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်တဲ့သူများဖြင့် ပြန်လည်ဖွဲ့စည်းပြီး ခိုင်မာတဲ့ Policy ကောင်းများ ပြန်လည်ချမှတ်ရန်နှင့် Policy ရေးဆွဲရာတွင် ကလေးသူငယ်များတွင် ခွင့်မလွှတ်နိုင်တဲ့ သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ သေဒဏ်ပေးသည်အထိ ကလေးသူငယ်များကို အခိုင်အမာ ကာကွယ်ပေးသည့်ဥပဒေများကို၊ Policy များကို ထည့်သွင်းရေးဆွဲရန်၊ (၂) ပြည်သူ့လစာစားပြီး ကုလားထိုင်ပေါ်တွင် မှိန်းမနေဘဲ မြေပြင်ပေါ်တွင် ကိုယ်တိုင်ကိုယ်ကျသွားရောက်လေ့လာနိုင်သူများ ကို ခန့်ထားရန်၊ (၃) လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်အားလုံးသည် အသက် ၆၀ ကျော်သူများ မပါဝင်ရန်နှင့် အဘယ်ကြောင့်ဆိုသော် အသက်ကြီးတိုင်း ရာထူးကြီးတိုင်း ကိုယ်ကျင့်တရားနှင့်ပြည့်စုံ သူ၊ စာနာစိတ်ရှိသူ၊ တရားဥပဒေအတွက် အမှန်တရားက အမြဲနေမည်ဟု ပြောမရပါဘူး။ (၄) ယခင် အစိုးရလက်ထက်က ရာထူးကြီးကြီးရခဲ့သူများ မပါဝင်ရန်နှင့် မိမိကိုယ်ကိုသိ မိမိသည် အရာရာ တတ်နေသူဟု ယူဆနေသူ၊ မိမိကိုယ်ကို မိမိမာန်တက်နေသူသည် မိမိကိုယ်မိမိ တိုးတက်မှုရှိအောင် ပြုပြင်ပြောင်းလဲမှုမလုပ်ဘဲ မာန်တက်နေသည့်မျက်နှာ၊ မာန်တက်နေသည့်အပြောအဆိုများ ရှိနေသော

သူများကို အသက်ကြီးသူ၊ ရာထူးကြီးသူ တော်တော်များများတွင် တွေ့ရှိရပါတယ်။ (၅) ပြောင်းလဲနေသည့်ခေတ်၊ Social Media များ၏ အရေးပါမှု၊ လူငယ်သတင်းထောက်များ၏ စွမ်းရည်ကို လျှော့တွက်သည့်သူများ မပါဝင်စေရန်၊ (၆) မှားတာကို အဖွဲ့ဝင်တချို့က သိသော်လည်း အားနာသည့်စိတ်၊ မိမိရာထူးဂုဏ်ကိုတပ်မက်သည့်စိတ်ကြောင့် ဝင်ရောက်ပြောဆိုမှုမရှိသူများ မပါဝင်စေရန်၊ (၇) မိမိကိုပေးထားသည့် ရာထူးနှင့်ဂုဏ်ကိုသာလိုချင်ပြီး လူ့အခွင့်အရေးကော်မရှင်၏ အလုပ်ပေါ်တွင် တာဝန်ယူမှုမရှိသူများမပါဝင်စေရန်အတွက် ရွေးချယ်ခန့်ထားရန် လိုအပ်ပါသည်။

အသက်ကြီးတိုင်း၊ ရာထူးကြီးရတိုင်း အသိဉာဏ်မမြင့်မားပါ။ အသိဉာဏ်မြင့်မားမှ မှန်တာ၊ မှားတာ ခွဲခြားနိုင်ပြီး အမှန်တရားဘက်က အမြဲရပ်နိုင်မည့်သူများကို ခန့်ထားရမည်ဖြစ်ပါတယ်။ မှားတာကိုသိလျက်နှင့် ဝင်မပြောသည့်အတွက် အဖွဲ့ဝင်များ ဂုဏ်သိက္ခာကျရပါတယ်။ မှားနေတာကို တွေ့လျက်သားနဲ့ အကျိုးဆက်ကိုမကြည့်ဘဲ အမှန်တရားဘက်က ရပ်တည်သည့် သတင်းထောက်ကိုဆွဲဝင်းအား နိုင်ငံတော်သမ္မတ၏ဂုဏ်ပြုခြင်း ခံရသည်ကို အတုယူရပါမည်။ နောက်ဆုံးအနေဖြင့် ရာထူးကြီးကြီးရတိုင်း မပျော်ပါနှင့်။ ခေတ်ပြောင်း သွားသောကြောင့် ရာထူးကြီးကြီးရ၍ ယခင်ကလို လာဘ်လည်းမရနိုင်တော့ပါဘူး။ အာဏာသုံး၍ လုပ်စားလို့လည်း မရတော့ပါ။ ရာထူးကြီးကြီးရရင် တာဝန်များများယူရမည်၊ တာဝန်များများခံနိုင်ရ မည်၊ များများဝေဖန်ခံရမည်၊ များများအနစ်နာခံ၍ ပေးဆပ်ရမည်ဆိုတာကို သတိပြုကြပါ။ ဒါတွေကို လုပ်နိုင်မှ ရာထူးကိုလက်ခံပါလို့ ဆွေးနွေးရင်း အရေးကြီးအဆိုကို အပြည့်အဝထောက်ခံပါကြောင်း နိဂုံးချုပ်ပါရစေ။ အားလုံးကို လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကျန်းမာ၊ ချမ်းသာပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဒီမိုကရေစီနေခြည်သစ်ဟာ ဝင်းဝင်းလက်လက်နဲ့တောက်ပလာနေပြီလို့ ပြောကြားလိုပါတယ်။ ဒီမိုကရေစီနိုင်ငံရေးစနစ် အခြေခံကောင်းများအပေါ်မှာ သတင်းမီဒီယာဆိုတဲ့မဏ္ဍိုင်ကြီး ဖွံ့ထွားရှင်သန်အားမာန်အပြည့်နှင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင်တွေကို ထိန်းကျောင်းခွင့်ရနေပြီဆိုတာ အင်းဝ

အပ်ချုပ်ဆိုင်မိသားစုရဲ့ အိမ်ဖော်မိန်းကလေးနှစ်ဦးအပေါ် ညှဉ်းပန်းနှိပ်စက်မှုအဖြစ်အပျက်က သက်သေပြလိုက်တာဖြစ်ပါတယ်။ ပြည်သူလူထုက လူမဆန်တဲ့ကိစ္စ သတင်းပေးပြီး တာဝန်ကျေခဲ့လို့ နိုင်ငံတွင်းရှိ ပြည်သူများရဲ့ ပဋ္ဌမမဏ္ဍိုင်ရဲ့အရေးပါမှုကိုလည်း အသိအမှတ်ပြုရုံမက အဓိကကျပါတယ်လို့ ဂုဏ်ပြုလိုက်ပါရစေ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုးရှေးရှေးတုန်းက ပုဂံပြည်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးဆိုတဲ့ ဖောင်တော်ကြီးစီးပြီး ခရီးနှင်နေတဲ့ အနော်ရထာမင်းရဲ့ ဖောင်တော်ဟာ ရုတ်တရက်ရပ်တန့်သွားပါသတဲ့။ ရှင်ဘုရင်က အရိန္ဒမာလှံနဲ့ ရေပြင်ကိုထိုးလိုက်တာ ဒို့ညီနောင်ဖောင်တော်ဦးမှာ ဒူးတုတ်လျက်ပေါ်ဆိုပြီး တရားခံပေါ်လာပါတယ်။ ယနေ့ ဒီမိုကရေစီအစိုးရသစ်ရဲ့ အမျိုးသားရင့်ကြားစေ့ရေးကို အခြေခံတဲ့ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ လုံခြုံလွတ်လပ်စွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးမှာ အဟန့်အတားဖြစ်စေတဲ့ မည်သူ့ကိုမဆို ပဋ္ဌမမဏ္ဍိုင်နဲ့ စတုတ္ထမဏ္ဍိုင်တို့ရဲ့ အားထုတ်ကြိုးပမ်းမှုဖြင့် ပြည်သူ့ရှေ့မှောက်မှာ ဒူးထောက်လျက်သား ပေါ်လာလိမ့်မယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အင်းဝအပ်ချုပ်ဆိုင်မိသားစုရဲ့ မိန်းကလေးငယ်နှစ်ဦးကို ညှဉ်းပန်းခံခဲ့ရတဲ့ကိစ္စမှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ ဝင်ရောက်ကိုင်တွယ်မှုဟာ ပြစ်မှု၊ ပြစ်ဒဏ်မမျှတ၊ တရားစီရင်ရေးကိုလည်း ထိခိုက်တိမ်းချော်နိုင်တယ်။ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ရော၊ ရဲတပ်ဖွဲ့ပါ လုပ်ငန်းကြန့်ကြာနှေးကွေးစေပြီး လူ့အခွင့်အရေးချိုးဖောက်မှုကို လျစ်လျူရှုခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ပါ ပုဒ်မ ၃၅၈ နိုင်ငံတော်ဟာ ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုကို တားမြစ်တယ်ဆိုတဲ့ ဥပဒေကို လျစ်လျူရှုတယ်လို့ စွပ်စွဲချက်တွေ ပေါ်ပေါက်နေတယ်လို့ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ရဲ့ သုံးနှစ်တာ အစီရင်ခံချက်ကို လေ့လာကြည့်တဲ့အခါမှာ သုံးနှစ်အတွင်းမှာ တိုင်စာပေါင်း ၇၂၀၈ စောင်ရခဲ့တယ်။ သုံးနှစ်အတွင်းမှာ အမှုတွေကို ကွင်းဆင်းစစ်ဆေးနိုင်တာဟာ ၁၆ မှုပဲရှိတယ်။ အကျဉ်းထောင်ခြောက်ခုနဲ့ အကျဉ်းစခန်းလေးခုကို ဝင်ရောက်စစ်ဆေးနိုင်ပါတယ်။ ၁၉၈၈ ခုနှစ်ကစ၍ ကျောင်းသားလူငယ်နှင့် ပြည်သူတွေရဲ့ဘဝကို ထောင်နဲ့ရင်းပြီးတော့ ဖြန့်ဝေခဲ့ရတဲ့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း(UDHR) ကိုတော့ ၂၀၁၄ ခုနှစ် ဧပြီမှာ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့တဲ့ RWIE ရဲ့အလှူငွေနဲ့ အုပ်ရေပေါင်း ၁၃၀၀၀၀ ပုံနှိပ်ခဲ့ပြီး။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်ပတ်သက်တဲ့ဟာကို၊ တိုက်ရိုက်ပတ်သက်တာကိုပဲ သတ်မှတ်ချိန် အတွင်း ပြည့်စုံအောင် ဆွေးနွေးဖို့ ပိုပြီးတော့ လိုအပ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ HR Top (၄၈)ကြိမ်မြောက်ဆောင်ရွက်ရာ မှာ လူဦးရေ သန်း ၅၀ ရှိတဲ့တိုင်းမှာ သုံးနှစ်အတွင်းမှာ ၈၀၁၅ ယောက်ကို ထိတွေ့မှုပေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ လေးနှစ်အတွင်းမှာ ဆောင်ရွက်ချက်တွေကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ရဲ့ ဥပဒေများရဲ့ ခြုံငုံသုံးသပ်လျှင် အခန်း(၅) ကော်မရှင်ရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပုဒ်မ ၂၂ ပုဒ်မခွဲ (က)မှာ လူ့အခွင့်အရေးနှင့်စပ်လျဉ်းလို့ အများပြည်သူရဲ့ အသိပညာအဆင့်အတန်းမြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရာမှာ အလွန်နည်းပါးတာကိုတွေ့ရတယ်။ ယာယီတိုင်တန်းချက်များ သွားရောက် စစ်ဆေးမှုနှင့် အကျဉ်းထောင်အကျဉ်းစခန်း၊ အချုပ်ခန်းတွေကို သွားရောက်စစ်ဆေးမှုတွေလည်း အလွန်နည်းတာကိုတွေ့ရတယ်။ ပုဒ်မ ၂၀ မှာ ကော်မရှင်ဟာ (က) မိမိရဲ့လုပ်ပိုင်ခွင့်ကို လွတ်လပ်မှု၊ လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်ရှိတယ်။ (ခ) ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှု ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လွတ်လပ်မှုတွေကို ပေးထားပါတယ်။ အမှန်တကယ် လွတ်လပ်မှုရှိ/မရှိ ကို စဉ်းစားဖွယ်ဖြစ်ပါတယ်။ အရိုးစွဲနေတဲ့ အကြောက်ရောဂါ လူကြီးမကြိုက်တာလုပ်မိမှာ အလွန် စိုးရိမ်နေကြတာလည်းရှိပါတယ်။ အခန်း(၆)စုံးစမ်းစစ်ဆေးခြင်းမှာ ယခုဖြစ်ခဲ့တဲ့ အင်းဝအပ်ချုပ်ဆိုင် မိသားစုမှ အိမ်ဖော်မိန်းကလေးငယ်နှစ်ဦးအပေါ် မိဘဆွေမျိုးများနှင့် တွေ့ခွင့်မပေးခြင်း၊ လုပ်အားခ ရှင်းမပေးခြင်း၊ ကိုယ်လက်အင်္ဂါချို့ယွင်းသည်ကို ညှဉ်းပန်းနှိပ်စက်ခြင်းကိစ္စကို စုံစမ်းစစ်ဆေးဆောင် ရွက်ရာမှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဟာ ကော်မရှင်ဥပဒေ၏ ပုဒ်မ ၃၈၊ ၃၉ တို့အရ ပုဒ်မ ၄၀ ပါပြဋ္ဌာန်းချက်များနှင့်အတူ စစ်ဆေးတွေ့ရှိချက်တွေကို သက်ဆိုင်ရာသို့ တင်ပြရမည့် အစား မှားယွင်းစွာလူ့အခွင့်အရေးချိုးဖောက်ခံရသူမိန်းကလေးငယ်နှစ်ဦးရဲ့အသံကို တိတ်ဆိတ်ငြိမ် သက်သွားစေရန် လူ့အခွင့်အရေးဖောက်ဖျက်သူများ၏ အလိုကျ ဆောင်ရွက်ခဲ့ခြင်းဟာ လုံးဝလုံးဝ မသင့်တော်တဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြပါအချက်များအရ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းသင့်ပါတယ်။ ယခုကိစ္စအတွက် ကော်မရှင်မှတာဝန်ရှိသူများ၏ စည်းကျော်ဘောင်ကျော်ဆောင်ရွက်မှုတွေအတွက် ကော်မရှင်မှတာဝန်ရှိသူများကို တာဝန်မှရပ်စဲသင့် ပါကြောင်း တင်ပြရင်း ဒေါပုံမဲဆန္ဒနယ်မှ ဦးဒွေးဝင်းအောင်(ခ)ဦးပြုံးချို၏ အရေးကြီးအဆိုကို ထောက်ခံပါကြောင်း တင်ပြပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒေါပုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချိုရဲ့ အရေး ကြီးအဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသူ နိုင်ငံသားတွေ ရဲ့ မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၈) ပုဒ်မ ၃၅၈ တွင်လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ အခန်း(၂) ပုဒ်မ ၃ တို့တွင်လည်းကောင်း၊ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး အတိအလင်း ပြဋ္ဌာန်းထား ပြီးလည်း ဖြစ်ပါတယ်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဟာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဖြစ်သလို ကော်မရှင်ရဲ့အဓိကတာဝန်ဟာလည်း နိုင်ငံသားများရဲ့ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ ကို ကာကွယ်စောင့်ရှောက်ပေးရန် ဖြစ်ပါတယ်။ ယခုကိစ္စမှာဆိုရင် မသိနားမလည်တဲ့၊ ချို့တဲ့တဲ့၊ ငယ်ရွယ်သူမိန်းကလေးနှစ်ဦးအပေါ် အလုပ်ရှင်မိသားစုမှ နိုင့်ထက်စီးနင်း ညှဉ်းပန်းနှိပ်စက်မှု၊ ကျွန် ပြုစော်ကားခဲ့မှုများအပေါ် ကော်မရှင်အဖွဲ့ဝင်အချို့က လျစ်လျူရှုပြီး တာဝန်နှင့်မသက်ဆိုင်ဘဲ မလျော် ကန်တဲ့လုပ်ရပ်များကို ကျူးလွန်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ပြည်သူကို ကိုယ်စားပြုတဲ့ ပြည်သူ့အစိုးရ သစ်လက်ထပ်မှာဆိုရင် နိုင်ငံခြားတွင် စီးပွားရှာလုပ်ကိုင်နေတဲ့ မိမိနိုင်ငံသားများအပေါ် ဥပဒေမဲ့ ကျွန်ပြုခိုင်းစေခြင်း၊ အဓမ္မညှဉ်းပန်းနှိပ်စက်မှုများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန် အစိုးရသစ်က ကြိုးပမ်းဆောင်ရွက်နေစဉ်မှာပင် ကော်မရှင်အဖွဲ့ဝင်အချို့က ပြည်တွင်းက လူ့အခွင့် အရေးချိုးဖောက်ပြီး ပြစ်မှုကျူးလွန်သူများကို အရေးယူပေးရမည့်အစား ငွေကြေးဖြင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်းအား လွန်စွာအရုပ်ဆိုးအကျည်းတန်တဲ့ကိစ္စတစ်ရပ်ပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဟာ ထိခိုက်နစ်နာ သူကာယကံရှင် အမျိုးသမီးငယ်လေးများအား ခေါ်ယူတွေ့ဆုံခြင်း၊ စုံစမ်းစစ်ဆေးခြင်းများ မပြုလုပ်ဘဲ ငွေကြေးဖြင့် ညှိနှိုင်းပေးခဲ့ခြင်းဟာ လွန်စွာမှ တာဝန်မဲ့တဲ့ ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ယခုဖြစ်စဉ် မှာဆိုရင် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရတဲ့ ငယ်ရွယ်သူအမျိုးသမီးငယ်လေးများတွင် ရရှိခဲ့တဲ့ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို ကြည့်ခြင်းအားဖြင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၂၀ တွင် အပြင်းအထန်နာကျင်စေမှု အမျိုးအစားရှစ်မျိုးအနက်မှ ကိုယ်လက်အင်္ဂါအဆစ်အမြစ်တစ်ခုခုကို ကျိုးပဲ့ပျက်စီးအောင်ပြုခြင်း၊ အမြဲချို့တဲ့အောင်ပြုခြင်း၊ လူစင်မမီချိနဲ့အောင်ပြုလုပ်ခြင်းတွေဟာ ပြစ်မှုပုဒ်မ ၃၂၅၊ ၃၂၆ တို့အရ အ

ပြင်းအထန်နာကျင်စေမှုကိုမြောက်သလို ပုဒ်မ ၃၇၀ အရ ကျေးကျွန်ပြုမှုစတဲ့ ရာဇဝတ်မှုကြီးတွေဟာ ဆိုရင် ထောင်ဒဏ် ခုနစ်နှစ်၊ ၁၀ နှစ်၊ တစ်သက်တစ်ကျွန်းဒဏ်များ ချမှတ်သင့်တဲ့ ပုဒ်မများဖြစ်လို့ ကျေအေးလို့မရတဲ့ အမှုများဖြစ်ပါတယ်။ ယင်းပုဒ်မများဟာ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၄ အရ ရုပ်သိမ်းခွင့်ရှိတဲ့ ရာဇဝတ်မှုကြီးများ ဖြစ်ပါတယ်။ ရုပ်သိမ်းခွင့်တင်ခဲ့မယ်ဆိုရင်တောင် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးစတဲ့ တရားစွဲအဖွဲ့အစည်းအဆင့်ဆင့်ရဲ့ထောက်ခံချက်တွေနဲ့ အမှုအတိမ် အနက်ကိုကြည့်ပြီး တရားရုံးကသာ ဆုံးဖြတ်ရတာ ဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာအနေနဲ့ကြည့်မယ် ဆိုရင်လည်း အမျိုးသမီးငယ်လေးတွေဟာ နေ့စဉ်နှင့်အမျှ နှစ်ပေါင်းများစွာ နှိပ်စက်ခံခဲ့ရတဲ့ ကာလ အတွင်းမှာ ကြောက်စိတ်၊ သိမ်ငယ်စိတ်၊ စိုးရိမ်စိတ်တွေနဲ့ ကာလရှည်ကြာခံစားခဲ့ရတဲ့ စိတ်ဒဏ်ရာတွေ ကို ကိုယ်ချင်းစာကြည့်တာနဲ့တွင် ရင်နစ်အောင်ခံစားရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်အဖွဲ့ဝင်အနေနဲ့ ဒီလောက်အရေးကြီးထင်ရှား တဲ့ အကြောင်းအချင်းအရာများစွာ ရှိနေတဲ့အမှုကို ငွေကြေးနဲ့ညှိနှိုင်းပြီး ပြေလည်မှုရရှိသွားကြပါတယ်။ ကျေအေးမှုရအောင် သဘောရိုးနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်ဆိုတဲ့အချက်ဟာ လုံးဝလက်ခံနိုင်ဖွယ် မရှိ ကြောင်း တင်ပြလိုပါတယ်။ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၂ မှာ သဘောရိုးဆိုတာကို အတိအလင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ သဘောရိုးဆိုသည်မှာ ထိုက်သင့်သော သတိပြုခြင်းနှင့် စိတ်အာရုံပြု ခြင်းတို့ကင်းသော ပြုလုပ်မှုသည် သဘောရိုးနှင့်ပြုသည်မညီလို့ ပြဋ္ဌာန်းထားတာ ဖြစ်တဲ့အတွက် ယခု လုပ်ရက်များအပေါ် ကော်မရှင်မှ သဘောရိုးဆိုတာကို အားပေးခွင့်မရှိပါကြောင်း ထောက်ပြဆွေးနွေး လိုပါတယ်။ ယခုဖြစ်စဉ်မှ ကော်မရှင်အဖွဲ့ဝင်အချို့ဟာ လူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၆၂ အရ ကင်းလွတ်ခွင့်ရထိုက်သူများ မဟုတ်ပါ။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၆၀ တွင် ကော်မရှင်သည် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်တို့ ရှိစေရမည်ဟု အတိအလင်းပြဋ္ဌာန်း ထားပါလျက် ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျော်လွန်ပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့ ကော်မရှင်အဖွဲ့ဝင်အချို့ကို ထိရောက်စွာအရေးယူသင့်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကို ကိုင်တွယ်ကျင့်သုံးတဲ့သူတွေဟာ ပညာတတ် ရုံနဲ့ မပြီးပါဘူး။ အဓိကအားဖြင့် ဆင်ခြင်တုံတရားရှိဖို့၊ နှလုံးသားလှဖို့နဲ့ ကိုယ်ချင်းစာတရားထား တတ်ဖို့က လွန်စွာအရေးကြီးလှပါတယ်။ ဥပဒေဆိုတာ ဆင်းရဲချမ်းသာမရွေး ကာကွယ်မှုပေးရမယ့် ဖြူစင်တဲ့အရာတစ်ခုသာ ဖြစ်ပါတယ်။ ဥပဒေဆိုတဲ့ ဖြူစင်တဲ့အရာကို ကိုင်တွယ်သုံးစွဲတဲ့သူတွေက ညစ်ပေနေတဲ့လက်နဲ့ကိုင်ရင်တော့ ဖြူစင်တဲ့ဥပဒေဟာ ညစ်ပေသွားမှာ ဧကန်မလွဲပါပဲ။ အမျိုးသား

လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်အချို့က ဥပဒေနဲ့ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းတွေ၊ ဥပဒေပါ အချက်အလက်တွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်အလက်များကို ချိုးဖောက်လာပြီဆိုလို့ရှိရင် တော့ ကျွန်တော်တို့ဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ကာကွယ်နိုင်ဖို့အတွက် ပြည်သူ့ရဲ့မျက်နှာကို ပဲ ကြည့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အကာအကွယ်မပေးသည့် ကော်မရှင်အဖွဲ့ဝင်အချို့ကို ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်သင်း(အရာတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ အရာတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်သင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါပုံမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွေဝင်းအောင်(ခ)ဦးပြုံးချိုရဲ့ အရေးကြီးအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ တရားစီရင်ရေးတွင် ပြည်သူ များအတွက် လုံခြုံရေးစနစ်များ ချို့ယွင်းအားနည်းနေပြီ ဖြစ်ပါတယ်။ ပြစ်မှုနှင့်ပြစ်ဒဏ်မမျှသဖြင့် ဒုစရိုက်သမားများ လက်ရဲဇက်ရဲ ဖြစ်လာပါတယ်။ ဥပမာအချို့ တင်ပြပါ့မယ်။ ဦးဝီစာရတိုက်ခန်းတွင် ရည်းစားဖြစ်သူကို ဓားဖြင့်ထိုးသတ်မှုဖြင့် ထောင် ၁၀ နှစ်ကျသွားပါတယ်။ ဒါပေမဲ့ လျှော့ရက်နဲ့ဆိုရင် ထောင် ခုနစ်နှစ်ခန့် ကျခံရဖို့ရှိပါတယ်။ ကံကောင်း၍ လွတ်ငြိမ်းချမ်းသာခွင့်နှင့် တိုက်ဆိုင်က ထောင် တစ်နှစ်၊ နှစ်နှစ် ကျပြီး လွတ်လာနိုင်ပါတယ်။ ထောင်ဒစ်တစ်သက်တစ်ကျွန်း ကျခံရသူများတွင် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဖြင့် ရက်ပိုင်းနှင့် ပြန်လွတ်လာသည်များလည်း ရှိပါတယ်။ တရားစီရင်ရေး ရဲ့အားနည်း ချက်များကို လူဆိုးလူမိုက်များ သိရှိပြီး ရာဇဝတ်မှုများကို အကြောက်အလန့်မရှိ ပျော်ပျော်ကြီး ကျူးလွန် နေကြပါတယ်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ အင်းဝအပ်ချုပ်ဆိုင်မိသားစု က အိမ်အကူ မိန်းကလေးငယ်နှစ်ဦးကို ညှဉ်းပန်းနှိပ်စက်မှုဖြစ်ပွားခဲ့ပါတယ်။ တရားခံမိသားစုအား ကျောက်တံတားမြို့မရဲစခန်းအား လူကုန်ကူးမှုပုဒ်မဖြင့် အမှုဖွင့်ထားပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနမှ လည်း ဒေါ်တင်သူဇာ၊ ဒေါ်တင်မင်းလှ(ခ)ဆုမွန်လတ်တို့အား ကလေးသူငယ်ဥပဒေပုဒ်မ ၆၆(ဃ) အရ ကျောက်တံတားမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထား အရေးယူခဲ့ပါတယ်။ ထွက်ပြေးတိမ်းရှောင်

မူကြမ်း

နေသူ မသီရိလတ်အားလူကုန်ကူးမှုပုဒ်မအပြင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆို တင်ပို့ပြီး ဖြစ်ပါတယ်။ စက်တင်ဘာ ၂၂ ရက် ည ၈ နာရီအတွင်း ဒေါ်တင်သူဇာ အပါအဝင် ခြောက်ဦး အား ရာဇသတ်ကြီးပုဒ်မ ၃၂၆၊ ၃၂၅၊ ၃၄၄၊ ၁၁၄ တို့ဖြင့် ထပ်မံအမှုဖွင့်တရားစွဲဆို ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် အိမ်အကူ အသက်မပြည့်သေးသူ မစန်းကေခိုင်နှင့် မသဇင်တို့ ညှဉ်းပန်းနှိပ်စက်ခံရသည့်ကိစ္စအတွက် ရှင်းလင်းပွဲတွင် လူ့အခွင့် အရေးကော်မရှင်မှ တုံ့ပြန်ဖြေကြားမှုအပေါ် မီဒီယာနှင့်လူထုကန့်ကွက်မှုတွေ ထွက်ပေါ်လာပါတယ်။ ကိုယ်လက်အင်္ဂါချို့ယွင်းသည်အထိ ညှဉ်းပန်းနှိပ်စက်ခိုင်းစေခြင်းနှင့် ဝင်ငွေလုပ်အားခတွေ ခေါင်းပုံဖြတ် ခြင်းစသည့်ဥပဒေကျူးလွန်မှုများကို ကျူးလွန်ခဲ့ကြပါတယ်။ အလုပ်သမားဥပဒေ၊ ကလေးသူငယ်ဥပဒေ စတဲ့ ဥပဒေရှုထောင့်တွေကကြည့်ရင် တချို့ကိစ္စတွေဟာ ဥပဒေအကြောင်းအရ ကျေအေးလို့မရပါဘူး ဆိုတာကို အများသိပြီးဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဥပဒေ ကြောင်းဖြင့် အရေးမယူဘဲ လျော်ကြေးငွေပေး၍ အမှုကိုကျေအေးစေရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ပါတယ်။ သို့ပါ၍ ကော်မရှင်အဖွဲ့ဝင်အချို့ နုတ်ထွက်ပေးသင့်ကြောင်း ဝေဖန်သုံးသပ်ကြရပါတယ်။ နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်စွဲဖြင့် ညှဉ်းပမ်းနှိပ်စက်ခံရသော အမျိုး သမီးငယ်နှစ်ဦးနှင့် ယင်းကိစ္စအမှုဖွင့်တိုင်ကြားခဲ့သော သတင်းထောက်ချုပ်ဦးဆွေဝင်းတို့အား လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်မှုပေးရန် ပြည်ထဲရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ညှဉ်းပန်းနှိပ် စက်ခံရသူများအားလုံး လုံခြုံစွာနေထိုင်ရေးနှင့် နှစ်သိမ့်အားပေးဆွေးနွေးမှုများ ပြုလုပ်ရန် လူမှု ဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်လိုက်ပါတယ်။ ယင်းညွှန်ကြားချက်များတွင် ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံတားမြို့နယ် ရဲစခန်းမှ အရေးယူဆောင်ရွက်ပုံ အသေးစိတ်တင်ပြရန်နှင့် လူ့အခွင့်အရေးကော်မရှင်မှ ဆောင်ရွက်မှု များကိုလည်း လေ့လာစောင့်ကြည့်နေကြောင်း ပါရှိပါတယ်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လည်းသတင်းထောက်ချုပ် ဦးဆွေဝင်း၏ ဆောင်ရွက်ချက်များအပေါ် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အလေးအနက်အသိအမှတ်ပြုပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကြောင်း ပြောကြားသွားပါတယ်။ ယခု ကဲ့သို့ဖြစ်စဉ်များ မပေါ်ပေါက်စေရန် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်သင့်ပါတယ်။ အိမ်အကူများ၊ အိမ်အကူပွဲစားများကို မှတ်ပုံတင်(Registration) လုပ်စေပြီး သက်ဆိုင်ရာလူမှုအဖွဲ့အစည်းများမှ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းကို ယခုထက်ပိုပြီး စစ်ဆေးနိုင်သည့် ကောင်းမွန်သော ယန္တရားများ

တည်ဆောက်ပေးစေလိုပါတယ်။ အထက်ပါအကြောင်းများကြောင့် အဆိုရှင်၏အဆိုပြုချက်ကို လိုက်လိုက်လှဲလှဲ ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇာနည်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါပုံမဲဆန္ဒနယ် ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကြာသေးမီက ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်တွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုသည် ပြုကျင့်ခံရသူ ကိုယ်လက်အင်္ဂါများပျက်ယွင်းနေပြီး ရာဇဝတ်မှုဖြစ်ပေါ်နေပါလျက်နှင့် လူ့အခွင့်အရေးကော်မရှင်မှ မသိကျိုးနွံပြု၍ ထိမ်ချန်ကာ ဥပဒေနှင့် အညီ ဖြေရှင်းဆောင်ရွက်မည့်အစား မှားယွင်းစွာ ဆုံးဖြတ်ဆောင်ရွက်ခဲ့ပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်ခံရသူအပေါ် အကာအကွယ်မပေးနိုင်သည့်အပြင် ကော်မရှင်၏ဆုံးဖြတ်လုပ်ဆောင်ချက် သည် လူသားချင်းစာနာထောက်ထားမှုကင်းမဲ့နေသည်မှာ ထင်ရှားပေါ်လွင်နေခဲ့ပါတယ်။ ယင်းကိစ္စ ဖြစ်စဉ်တွင် ပြုကျင့်သူသည် လူ့အခွင့်အရေးကြေညာစာတမ်းပါ အပိုဒ် ၄ မည်သူကိုမှကျွန်အဖြစ် စေခိုင်းခြင်းမပြုစေရနှင့် အပိုဒ် ၅ မည်သူ့ကိုမှမတရားနှိပ်စက်ခြင်းမရှိစေရ၊ လူမဆန်စွာဆက်ဆံခြင်း မရှိစေရတို့ကို ကျူးလွန်သည့်အပြင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ပါ အပိုဒ် ၁၉ တွင် ကလေးငယ်များအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှိပ်စက်မှုမှ ကာကွယ်ပေးခြင်း စတဲ့ ကြေညာချက်တို့ကို ချိုးဖောက်ခဲ့ခြင်းကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အဖွဲ့မှ ဖြေရှင်းဆုံးဖြတ် ခဲ့သည့် လူ့အခွင့်အရေးကြေညာစာတမ်းပါအချက်ကို လေးစားလိုက်နာမှုမရှိကြောင်းကိုလည်း ထင်ရှား စွာတွေ့မြင်ရတာဖြစ်ပြီး ဖြေရှင်းသည့်ပုံစံသည် အဂတိလိုက်စားသကဲ့သို့ သံသယဖြစ်ဖွယ် ဖြစ်နေပါ တယ်။ တရားဥပဒေစိုးမိုးမှုမရှိသကဲ့သို့လည်း ဖြစ်နေခဲ့ပါတယ်။ ကော်မရှင်အဖွဲ့ဝင်တချို့တို့သည် အဖွဲ့ အစည်းတာဝန်နှင့်ဝတ္တရားများကို ဆောင်ရွက်နိုင်စွမ်း မပြည့်ဝကြောင်းကို မိမိတို့လုပ်ခဲ့သည့် အခြား ဌာန အတွေ့အကြုံများနှင့် ဖုံးဖိပြောဆို၍ လက်တွေ့အခြေအနေကို ဂယက်နမသိဘဲ အပေါ်ယံ ဆွေးနွေးသည့်ပုံစံ ဖြစ်နေခဲ့ပါတယ်။ မိမိတို့တာဝန်ယူထားသည့် ကော်မရှင်ကိစ္စများကိုလည်း တာဝန် ခံမှု၊ တာဝန်ယူမှုနည်းပါးကြောင်းကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ကို ထောက်ခံဆွေးနွေးရခြင်းမှာ ကော်မရှင်အဖွဲ့ဝင်အချို့တို့သည် မိမိတို့ပြောစကားများကို တာဝန်ယူမှုမရှိနေခြင်း၊ အကြောင်းအမျိုးမျိုးပြကာ တာဝန်များကို ရှောင်လွဲမှုဖြင့်ပြုလုပ်နေခြင်းကိုလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကော်မရှင်နှင့် ၂၀၁၄ ခုနှစ်၊ ကော်မရှင်ဥပဒေပြဋ္ဌာန်းထားသော်လည်း ကလေးသူငယ်များကာကွယ်စောင့်ရှောက်ခွင့်ရဖို့အတွက် အာမခံနိုင်သည့် အခြေအနေမရှိခြင်း၊ အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်သည့် ယန္တရားစနစ်မရှိခြင်း၊ မီဒီယာမှတစ်ဆင့် ဟိုးလေးတကျော်ကျော်ဖြစ်လာသည့်ကိစ္စအပေါ် လက်ပူတိုက်ဖြေရှင်းခြင်း၊ ကော်မရှင်အဖွဲ့ဝင်တို့သည် စေတနာနှင့် မေတ္တာတို့လုပ်ဆောင်သည်ဟု အတွင်တွင်ပြောဆိုကာ မိမိတို့အဖွဲ့၏တာဝန်ခံမှု၊ တာဝန်ယူမှုတို့ကို ရှောင်လွဲ၍ တာဝန်ကျေပွန်စွာမလုပ်နိုင်ခြင်းမှာ မြန်မာနိုင်ငံရဲ့ အနာဂတ်ကို ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနိုင်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်တဲ့ နိုင်ငံတိုင်းဟာဆိုလို့ရှိရင် လူ့အခွင့်အရေးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီတို့ အကောင်အထည်ဖော်မှုများကို၊ အစီရင်ခံစာများကို ငါးနှစ်လျှင် တစ်ကြိမ် နှစ်ပတ်လည်အစီရင်ခံစာများကို တင်သွင်းရမှာဖြစ်ပါတယ်။ လာမယ့် ၂၀၁၇ ခုနှစ်တွင်လည်း မြန်မာနိုင်ငံသည် အစီရင်ခံစာတင်သွင်းရမှာဖြစ်ပါတယ်။ ကျောက်တံတားမြို့နယ်အရေးကိစ္စကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က လွဲမှားစွာဖြေရှင်းမှုကြောင့် ကုလသမဂ္ဂ၏ နှစ်ပတ်လည်အစီရင်ခံစာအစည်းအဝေးတွင် ပြင်းထန်စွာထောက်ပြမှုကို မလွဲမသွေရင်ဆိုင်ရမည်ဖြစ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။ ကော်မရှင်အဖွဲ့ဝင်အချို့တို့သည် တာဝန်ကြီးစွာယူထားသော်လည်း ဖြေရှင်းပြောဆိုမှုများသည် မိမိတို့အဖွဲ့အစည်းနှင့် အစိုးရကိုပါ ဂုဏ်သိက္ခာထိခိုက်စေခဲ့ပါတယ်။ ထိုပုဂ္ဂိုလ်တို့သည် မိမိတို့လုပ်ဆောင်ချက်များကို ဖြည့်တင်းခြင်းမရှိဘဲ မိမိကိုယ်ကိုအထင်ကြီးနေကြခြင်း၊ မိမိတို့ ပြောဆိုသောစကားများကိုလည်း တာဝန်ယူ၊ တာဝန်ခံမှုမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ တာဝန်များ ရှောင်လွဲမှုပြုလုပ်ပြီး ပြဋ္ဌာန်းထားသော ဥပဒေနှင့် အမိန့်ကြော်ငြာစာများကို လေးစားလိုက်နာမှုမရှိ ကြောင်းကိုလည်း ဝမ်းနည်းစွာမြင်တွေ့ခဲ့ရပါတယ်။

ယနေ့ကမ္ဘာကြီးတွင် လူသားတို့သည် ခြိမ်းခြောက်မှုများစွာ ကြုံနေရပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ နိုင်ငံသူနိုင်ငံသားအပါအဝင် ကမ္ဘာကြီးတွင်နေထိုင်ကြသော လူသားတို့သည် အေးချမ်းလုံခြုံစွာနေထိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် လူနေမှုအဆင့်အတန်းတို့ကို စဉ်ဆက်မပြတ်တိုးတက်ရေးတို့သည် လူသားတိုင်းရဲ့အခွင့်အရေးကို ကာကွယ်ပေးနိုင်မှုအပေါ်မှာ အခြေခံတယ်ဆိုတဲ့အကြောင်းကိုလည်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေဖြင့် ပြောလိုသည်မှာက

**မူကြမ်း**

၂၀၁၂ ခုနှစ်၊ ကမ္ဘာ့ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ နိဂုံးချုပ်တွင် တွေ့ရှိချက်အမှတ်(၁၆) အပိုဒ်(ဂ)တွင် လူ့အခွင့်အရေးကော်မရှင်တွင် ကလေးသူငယ်အခွင့်အရေးများကို အထူးပြုစောင့်ရှောက်နိုင်ဖို့အတွက် ကော်မရှင်မှာဦးဆောင်သည့်ဌာနတစ်ခု ဖွဲ့စည်းရန်ကိုလည်း အကြံပြုတိုက်တွန်းလိုပါတယ်။ ဒါ့အပြင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက သဘောထားထုတ်ပြန်ထားသော Paris Principle General Assembly Resolution (၄၈/၁၃၄)၏ လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များနှင့် အကြံပြုချက်တို့သည် ယခုမြန်မာနိုင်ငံတွင် ဖွဲ့စည်းထားသော လူ့အခွင့်အရေးကော်မရှင်နှင့် ကိုက်ညီမှုမရှိကြောင်းကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လူသားများလုံခြုံမှုအစ လူ့အခွင့်အရေးမှအစ လူနေမှုဘဝအေးချမ်းနိုင်ဖို့အတွက် အဆိုရှင်၏ အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း တင်ပြလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်ရှင်။ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ ဒေါပုံမဲဆန္ဒနယ်က တင်သွင်းတဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှာ ပြောကြားသွားတာကတော့ ကျွန်မတို့ပြည်သူများအနေနဲ့ မွေးရာပါအခွင့်အရေးဖြစ်တဲ့ ငြိမ်းချမ်းစွာနေထိုင်ရေး၊ အခြေခံလွတ်လပ်ခွင့်များရရှိရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကာလကြာရှည်မရရှိမခံစားကြရပါ။ ဒီအခွင့်အရေးများဟာ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့်လည်း အကျုံးဝင်ကြောင်း အဂတိလိုက်စားမှုကိုပြောရာမှာ လာဘ်ပေးလာဘ်ယူပြုလုပ်မှုသက်သက်ကို ဆိုလိုခြင်းမဟုတ်ဘဲ လူ့သဘာဝကျင့်ဝတ်ပျက်ခြင်းကို ဆိုလိုပါတယ်လို့ အတိအလင်းပြောသွားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်နဲ့ အမျိုးသမီးကလေးငယ်နှစ်ဦးရဲ့ဖြစ်စဉ်မှာ ပါဝင်ပတ်သက်နေတဲ့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်

အရေးကော်မရှင်အဖွဲ့ဝင်အချို့ရဲ့ မှားယွင်းစွာကျင့်သုံးလုပ်ဆောင်နေခြင်းအပေါ် စိစစ်သုံးသပ်ပြီး အရေးယူရမယ့်ကိစ္စဖြစ်တယ်ဆိုတာ ရှင်းလင်းနေပါတယ်ရှင်။ အဲဒီကော်မရှင်အဖွဲ့ဝင်များဟာ ၂၀ဝ၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများရဲ့မူလအခွင့်အရေးမှာပါဝင်တဲ့ ပုဒ်မ ၃၅၈ မှာ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနဲ့ လူကုန်ကူးမှုများကို တားမြစ်သည်။ ပုဒ်မ ၃၅၉ မှာ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနဲ့ အများပြည်သူ အကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချမှတ်ထားခြင်းမှတစ်ပါး အဓမ္မ ခိုင်းစေခြင်းများကို တားမြစ်သည်လို့ ဆိုထားချက်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ဥပဒေ အခန်း(၂) ရည်ရွယ်ချက်(၃)မှာပါတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားရဲ့ မူလ အခွင့်အရေးကို ပိုမိုစောင့်ရှောက်ကာကွယ်ရန်လိုပါတယ်ဆိုတဲ့အချက်ကိုလည်းကောင်း ချိုးဖောက် နေတာတွေ့ရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကော်မရှင်အနေနဲ့ တိုင်တန်းချက်ကို လက်ခံရရှိပါက ကော်မရှင်ဥပဒေ အပိုဒ် ၂၉ နဲ့အညီ သဘာဝတရားရဲ့မျှတမှု သဘာဝတရားနဲ့ တရားမကျင့်ထုံး၊ ရာဇဝတ်မှုကျင့်ထုံး၊ သက်သေခံဥပဒေကိုပါ သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရန်တာဝန်ပျက်ခဲ့ကြောင်း သိရပါတယ်။ ကော်မရှင်ဥပဒေရဲ့ အပိုဒ် ၃၄ ပါ တိုင်တန်းချက်အကြောင်းအချင်းအရာများကလည်း ညှိနှိုင်းရနိုင်သည်ဟု ယူဆပါက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည်ဟုဆိုသော်လည်း ဆောင်ရွက်ရန်မှာ တည်ဆဲဥပဒေအရ အညီဖြစ်ရမယ်လို့ ဆိုထားပါတယ်။ ယခုအဖွဲ့ဝင်တချို့ရဲ့ လုပ်ဆောင်ချက်ဟာ မညီညွတ်တာကိုတွေ့ရပါတယ်။ အဲဒီညှိနှိုင်းရန် တရားမမှုနဲ့သက်ဆိုင်ပါက လက်ခံနိုင်သော်လည်း ယခု ဖြစ်စဉ်သည် ရာဇဝတ်မှု ရာဇသတ်ပုဒ်မကို ကျူးလွန်နေတာကိုတွေ့ရပါတယ်။ အဲဒီကော်မရှင်အဖွဲ့ဝင် တွေဟာ နိုင်ငံတကာရဲ့ ကလေးသူငယ်ဥပဒေကို ချိုးဖောက်နေတာတွေ့ရပါတယ်။ ကလေးငယ်ရဲ့ ဖြစ်ပျက်ခံစားမှုအခြေအနေကိုကြည့်ရင် စုံစမ်းစရာတောင်ပင်မလိုတဲ့ ဒဏ်ရာဒဏ်ချက်များကို တွေ့ရ ပါတယ်။ လူမဆန်စွာ ဆက်ဆံခံရတာပေါ်လွင်နေပါတယ်။ နိုင်ငံတကာရဲ့ အမျိုးသမီးအခွင့်အရေး စာချုပ်ကိုလည်း ဖောက်ဖျက်နေတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ရာဇဝတ်မှုကို ဟန့်တားဖို့၊ လူ့အခွင့်အရေးချိုးဖောက်မှုကို ကာကွယ်ဖို့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ တာဝန်ပေးအပ်ခံရတဲ့ ကော်မရှင်အဖွဲ့ဝင်တွေနဲ့ လူ့အခွင့် အရေးကို မြတ်နိုးတဲ့လူသားတစ်ယောက်အနေနဲ့ တာဝန်အပြည့်ရှိပါတယ်။ ရာဇဝတ်မှုတစ်ခုဟာ ကျူးလွန်သူနဲ့ ကျူးလွန်ခံရသူတွေရဲ့ကြားမှာ သက်ဆိုင်တဲ့ဖြစ်ရပ်မဟုတ်ပါဘူး။ အဲဒီကော်မရှင်အဖွဲ့ရဲ့

လုပ်ရပ်ဟာ နိုင်ငံတော်ရဲ့ တရားဥပဒေစိုးမိုးရေးကိုလည်း ထိခိုက်ပါတယ်။ ကာယကံရှင်အချင်းချင်း ကျေနပ်ရုံနဲ့ ပြီးပြတ်သွားခြင်းမရှိမှုကို ကော်မရှင်အနေနဲ့ သိရှိပြီးဖြစ်ပါတယ်။ ရာဇဝတ်မှုတိုင်းမှာ နိုင်ငံတော်အစိုးရက တရားလိုဖြစ်ပါတယ်။ ဒီဖြစ်စဉ်ဟာ ကျူးလွန်သူကို အပြစ်လျှော့အောင် လုပ်ဆောင်ပေးခြင်းမျိုးဖြစ်ပါတယ်။ တရားစီရင်မှုကို မှားယွင်းအောင်လုပ်ဆောင်နေတာဖြစ်ပါတယ်။ ကော်မရှင်အဖွဲ့ဝင်ဟာ ရာဇဝတ်မှုကို အကာအကွယ်ပေးခြင်းမျိုးကို ပြုလုပ်တဲ့သူဖြစ်တဲ့အပြင် လူ့သဘာဝကျင့်ဝတ်ပျက်တာကို တွေ့ရတဲ့အတွက် ဦးပြုံးချိုရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် (၁)နာရီမှာ အစည်းအဝေး ပြန်လည်ကျင်းပပါမယ်။

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁)နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒေါပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်းအောင် တင်သွင်းခဲ့တဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ

တယ်။ ယခုအရေးကြီးအဆိုတင်သွင်းရတဲ့အကြောင်းအရင်းမှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် တရားဥပဒေပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုလျက် မှုခင်းထိမ်ချန်မှုတို့ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ပါ နိုင်ငံသားများ၏မူလအခွင့် အရေး ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များ အပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်သည့်ဖြစ်ရပ်ဆိုးသာဖြစ်ပါလျက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပြည်သူ့ဘဏ္ဍာအဖြစ် ခန့်အပ်ထားသောကော်မရှင်အဖွဲ့ဝင်တို့ က တရားဥပဒေကိုလွှန်ဆန်ပြီး ပြုမူဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်၏ပုံရိပ် ကို ထိခိုက်နစ်နာစေသလို ကာယကံရှင်အမျိုးသမီးငယ်များအတွက်သာမက မြန်မာနိုင်ငံသူနိုင်ငံသား အားလုံးအတွက် စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ရပ်များ ဖြစ်ပေါ်စေခဲ့ပါတယ်။ ထိုသို့ဖြစ်ပေါ်စေခဲ့သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က တာဝန်ရှိသောအဖွဲ့ဝင်တို့၏ အပြုအမူများသည် ရာဇဝတ်မှုများကို သိလျက်နှင့်ထိမ်ချန်ရာရောက်ခြင်း၊ တစ်ဖက်ဖက်သို့ အသာစီးဖြစ်စေရန် ဆန္ဒဖွဲ့ဖြင့် အဂတိတရားကို ကျူးလွန်ရာရောက်ခြင်းကို ပေါ်လွင်ထင်ရှားနေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၅-၉-၂၀၁၁ ရက်နေ့က အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၁)နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းခဲ့ပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ထုတ်ပြန်ခဲ့ပါတယ်။ ဒါ့အပြင် ကော်မရှင်ရဲ့မျက်နှာစုံညီအစည်းအဝေးအမှတ်စဉ်(၈/၂၀၁၄) ဆုံးဖြတ်ချက်အရ အဖွဲ့ဝင်သုံးဦးကို လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနတွင် တာဝန်ပေး အပ်ခဲ့ပါတယ်။ ထိုဌာနရဲ့တာဝန်မှာ အဓိကသုံးခုပါဝင်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးကို ဖောက်ဖျက်ခံရကြောင်း တိုင်တန်းချက်အား လက်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တွေ့ရှိချက်များကို ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင် ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းတို့ပါဝင်ပါတယ်။ ယခုအခင်းဖြစ်ကိစ္စမှာ ကော်မရှင်မှ တာဝန်ရှိသူအဖွဲ့ဝင်သုံးဦးတို့သည် အထက်ဖော်ပြပါဌာန၏လုပ်ငန်းတာဝန်အဆင့်ဆင့် အတိုင်း ဆောင်ရွက်ရမှာဖြစ်သော်လည်း တာဝန်အတိုင်းမဆောင်ရွက်ဘဲ ပျက်ကွက်နေပြီဆိုတာ ထင်ရှားနေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အဆိုပါကော်မရှင်ဖွဲ့စည်းစဉ်က ရည်ရွယ်ချက်လေးခုပါဝင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့မူလအခွင့်အရေးကို ပိုမိုကာကွယ်စောင့်ရှောက်ရန်နှင့် ကုလသမဂ္ဂမှထုတ်ပြန်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြု၍ လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်ရန်လို့ ပါဝင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတင်ပြရမယ်ဆိုရင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ညီလာခံအစည်းအဝေးကြီးမှ အတည်ပြုပြဋ္ဌာန်းခဲ့သော ကြေညာစာတမ်း၏ အပိုဒ် ၃၊ ၄၊ ၅၊ ၆၊ ၉ တို့နှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်မယ်ဆိုရင်လည်း အိမ်ဖော်များကို နှစ်ပေါင်းများစွာချုပ်နှောင်ပြီး ရက်စက်စွာပြုကျင့်ခိုင်းစေခြင်းသည် ယဉ်ကျေးသော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးထွန်းကားမှုအတွက် လက်မခံထိုက်သည့်အပြင် ပြစ်ဒဏ်ထိုက်သည့် ပြုမူချက်များသာ ဖြစ်ပါတယ်။ ဒါကိုလည်း ကော်မရှင်မှ မျက်ကွယ်ပြုခဲ့တာဖြစ်လို့ ကော်မရှင်ရဲ့ ရည်ရွယ်ချက်အတိုင်း မဆောင်ရွက်ဘူးလို့ တိတိကျကျထောက်ပြလို့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် အိမ်ဖော်၊ အိမ်အကူများအတွက် အကာအကွယ်ပေးသည့် တိကျသောဥပဒေပြဋ္ဌာန်းချက်မရှိသေးသောကာလ၌ ယခုအခင်းဖြစ်ကိစ္စတွင် အိမ်ဖော်အမျိုးသမီးငယ်များ ခံစားခဲ့ရသော ရက်ရက်စက်စက်ပြုကျင့်ခံရမှုများသည် ပြစ်ဒဏ်ထိုက်သော၊ ရဲအရေးပိုင်သော ရာဇဝတ်မှုကြီးများသာ ဖြစ်ပါတယ်။ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၂ အရ ပြုလုပ်မှုများကို ရည်ညွှန်းသောစကားရပ်များတွင် ဥပဒေနှင့်မညီသော ပျက်ကွက်မှုပါဝင်ကြောင်း ဖော်ပြထားရာ အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင်တို့၏အမှုကိစ္စနှင့်ပတ်သက်ပြီး ဤမျှကြီးလေးသောအမှုကိစ္စကျူးလွန်သူအားလုံးကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးသို့ ရောက်ရှိသည်အထိ တည်ရှိခဲ့ပါလျက် ဖမ်းဆီးတရားစွဲဆိုခွင့်ရှိသော မည်သည့်ရဲစခန်းကိုမျှ အကြောင်းကြားမှုမရှိခြင်းနှင့် နစ်နာသူအမျိုးသမီးငယ်များ အမှုကျေအေးအောင်ဆောင်ရွက်ခြင်းတို့သည် ကော်မရှင်၏တာဝန်ပျက်ကွက်မှုများသာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှာလည်း လာဘ်ပေးလာဘ်ယူမှုဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တစ်စုံတစ်ရာကို ပြုလုပ်ရန်၊ ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊ တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မှန်မှန်ကန်ကန်ပိတ်ပင်ရန်တို့ ပါဝင်ပါတယ်။ ထိုပြဋ္ဌာန်းချက်အရ လာဘ်ပေးလာဘ်ယူမှုပြုလုပ်မှုသည်

ငွေကြေးကိုရယူမှုမဟုတ်ဘဲ အဂတိတရားလေးပါးတွင် တစ်ပါးပါးဖြင့် ငြိစွန်းဆောင်ရွက်ခဲ့ပါက အဂတိလိုက်စားမှုဥပဒေမှာ အကျုံးဝင်မှာဖြစ်ပါတယ်။ ယခုကော်မရှင်၏ဆောင်ရွက်မှုသည် နစ်နာသူအိမ်ဖော်အမျိုးသမီးငယ်များကို တရားဥပဒေအရ ကုစားပေးခြင်းမရှိသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅၊ ၅၇ တို့အရ ဖြေရှင်းရန်တာဝန်ရှိကြောင်း ထင်ရှားနေပါတယ်။ ထိုကဲ့သို့ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ရာဇဝတ်မှုများကိစ္စတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များသည် ရာဇဝတ်မှုများကို ပပျောက်သွားအောင် တရားနည်းလမ်းတကျတည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်ဟူသောအချက်ကို မလိုက်နာဘဲ ငွေကျပ်သိန်း ၅၀ ဖြင့် ကျေအေးအောင်ဆောင်ရွက်ပေးခြင်းသည် ပြစ်မှုကိုထိမ်ချန်လျက် ပြစ်မှုကျူးလွန်သူများကို တရားဥပဒေအောက်မရောက်ရှိအောင် ကယ်တင်ရှင်သဖွယ်ပြုလုပ်ခဲ့သည်မှာ ထင်ရှားပါတယ်။ ဒါကြောင့် အဆိုရှင်ရဲ့အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ဇင်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးအောင်ဇင်မင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ဇင်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါပုံ မဲဆန္ဒနယ် ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၏ အရေးကြီးအဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်း(Universal Declaration of Human Rights) ကိုချမှတ်အတည်ပြုထုတ်ပြန်ခဲ့ရာ မြန်မာ နိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့မှာ အဆိုပါစာတမ်းကို မြန်မာဘာသာသို့ ပြန်ဆိုပြီးထုတ်ဝေခဲ့ပါတယ်။ အဆိုပါကြေညာစာတမ်းပါ တင်ပြပါအတိုင်းရည်ရွယ်၍ စံတစ်ရပ်အဖြစ်ထားရှိကာ ထုတ်ပြန် ကြေညာခဲ့ပါတယ်။ ၎င်းကြေညာစာတမ်းရဲ့ အပိုဒ် ၅ နှင့် အပိုဒ် ၇ တို့မှာလည်း လူ့ဂုဏ်သိက္ခာနှင့်တန်းတူရှိမှုကို ဖော်ပြထားကြောင်း တွေ့ရှိရပါတယ်။ အဖွဲ့ဝင် ၁၉၁ နိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသဘောတူစာချုပ် (United Nation Convention of the Rights of the Child )ကို ကမ္ဘာတစ်ဝန်းရှိ ကလေးသူငယ်များ၏

**မူကြမ်း**

အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်ပြီး ထုတ်ပြန် ထားခြင်းဖြစ်၍ မြန်မာနိုင်ငံ အစိုးရသည် အဆိုပါစာချုပ်ကို ၁၉၉၁ ခုနှစ်တွင် သဘောတူလက်မှတ် ရေးထိုးခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံကလေးသူငယ်ဥပဒေနှင့် မြန်မာနိုင်ငံကလေးသူငယ် နည်းဥပဒေများတို့သည် ကလေး သူငယ်များကို ကာကွယ်စောင့်ရှောက်ပေးရန် တိုက်တွန်းထားကြောင်း တွေ့ရှိရပါတယ်။ သဘောတူ စာချုပ်ပါ အပိုဒ် ၁၉ ၊ အပိုဒ် ၃၆ နှင့် အပိုဒ် ၃၇ တွင်လည်း ကလေး သူငယ်များ၏ အခွင့်အရေးနှင့်စပ်လျဉ်းပြီး တင်ပြပါအတိုင်းဖော်ပြပါရှိကြောင်း တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပါအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းတွင် ပုဒ်မ ၃၄၇၊ ပုဒ်မ ၃၄၈၊ ပုဒ်မ ၃၅၁ တို့တွင်လည်း လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ တင်ပြပါအတိုင်း ဖော်ပြပါရှိပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်စွဲပါ အမိန့်အမှတ် (၂၃/၂၀၁၄)ဖြင့် တင်ပြပါပုဂ္ဂိုလ် ၁၁ ဦး ပါဝင်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂)ဖြင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေ၏အခန်း(၁) ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ် (၁)၊ (၂)နှင့်(၃)တို့တွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊ ကုလသမဂ္ဂထုတ်ပြန်ကြေညာထားသော ကမ္ဘာ့အခွင့်အရေး၊ လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့်အရေးများနှင့်နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်စာတမ်းများတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ရည်ညွှန်းထားပါတယ်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအား အခန်း(၅) ပုဒ်မ ၂၂ တွင် ဖော်ပြထားပြီး ယင်းတို့အနက် ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)နှင့်(စ)တို့တွင် လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ တင်ပြပါအတိုင်း ပြဋ္ဌာန်းထားပါတယ်။ အဆိုပါ ဖြစ်စဉ်တွင် Myanmar Now ဂျာနယ်သတင်းထောက်ချုပ် ဦးဆွေဝင်းက မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားခဲ့မှုအပေါ် ၁၅-၉-၂၀၁၆ ရက်နေ့က မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၌ နှိပ်စက်ခံရသည့် ကာယကံရှင်များနှင့် ၎င်းတို့၏မိဘများ၊ အင်းဝ အပ်ချုပ်ဆိုင်ပိုင်ရှင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မှ တာဝန်ရှိသူများနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များကို မျက်နှာစုံညီခေါ်ယူတွေ့ဆုံ၍ ညှိနှိုင်းခဲ့ရာတွင်

အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များကိုကြည့်ပါက ဥပဒေနှင့် အညီ ဆောင်ရွက်မှုပိုင်းတွင် အားနည်းချက်များရှိနေကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၁-၉-၂၀၁၆ ရက်နေ့တွင် ပြုလုပ်သည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းစာရှင်းလင်းပွဲတွင် ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်တို့အရ ကွင်းဆင်းလေ့လာကြည့်ရှုခြင်း၊ ကွင်းဆင်းလေ့လာပြီး နောက် တချို့ကို သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထဲရေးနှင့် ရဲဌာနများကို ဖော်ထုတ်ခိုင်းခြင်း၊ ရလဒ်များကို သက်ဆိုင်ရာပုဂ္ဂိုလ်များထံသို့ တင်ပြခြင်း၊ ဆွေးနွေးချက် တင်ပြမှုအပေါ် လုပ်ဆောင်သင့် သည်များကို ဆွေးနွေးအကြံပေးခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ပြောကြားခဲ့သော်လည်း ဆောင်ရွက်ချက် များကို ကြည့်ပါက ကော်မရှင်မှအဖွဲ့ဝင်အချို့သည် ဥပဒေကြောင်းအရ သက်ဆိုင်ရာအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခဲ့ပြီး ပြစ်မှုကျူးလွန်သူများ သက်သာခွင့်ရအောင် ညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်သဘောသက်ရောက်ကာ လုပ်ရမည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ဆောင် ခြင်းမပြုဘဲ မိမိတို့ကော်မရှင်၏ ရည်ရွယ်ချက်၊ တာဝန်ဝတ္တရားများအပေါ် ပျက်ကွက်မှုရှိသည့်အခြေ အနေမျိုး ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ကလေးသူငယ်ဥပဒေ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(က)အရ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်မပြည့်သေးသည့် ကလေးသူငယ် လူငယ်များဖြစ်၍ ကုလသမဂ္ဂကွန်ဗင်းရှင်း(The United Nation Convention)ကလေးသူငယ်များ၏အခွင့်အရေး များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့ တွင်လည်း တင်ပြပါအတိုင်း ကလေးသူငယ်၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရမည်ဟု ဖော်ပြထားခြင်းကြောင့် ထိခိုက်နစ်နာမှုကြုံတွေ့ခဲ့ရသော ကလေးသူငယ်များ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝခံစားနိုင်ရေးအတွက် တာဝန်ရှိဌာနဆိုင်ရာအဖွဲ့အစည်းများအနေနဲ့ ထိရောက်စွာလုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအခန်း(၁) ပုဒ်မ ၃ ပုဒ်မခွဲ(က) အရ တင်ပြပါအတိုင်း လူကုန်ကူးမှုဖြစ်သည်ဟု အတိအလင်းဖော်ပြထားရှိ ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပုဒ်မ ၃၅၈ တွင်လည်း နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်ဟု ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံသည် လူကုန်ကူးမှုနှင့်ပတ်သက်၍ စောင့်ကြည့် အဆင့်(၂)သို့ တိုးတက်ရောက်ရှိခဲ့သော်လည်း ၎င်းအဆင့်ရှိနိုင်ငံပေါင်း ၄၄ နိုင်ငံတွင် ပါဝင်နေပါ တယ်။မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်သည့် ဥပဒေ

တိတိကျကျမရှိသေးပါ။ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေးဥပဒေသစ်ပြဌာန်းရန် ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ယနေ့ ကမ္ဘာပေါ်မှာ လူပေါင်း ၂၁ သန်းခန့်သည် အဓမ္မခိုင်းစေခံရခြင်း သို့မဟုတ် လူကုန်ကူးမှုခံနေရကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ပြုံးကေသီနိုင်(ကလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ရဲ့ ကိုင်တွယ်ဖြေရှင်းမှုများကို ပြန်လည်သုံးသပ်ကြတဲ့အခါ လူ့အခွင့်အရေးရှုထောင့်ကဖြစ်စေ၊ ဥပဒေကြောင်းအရဖြစ်စေ၊ အခြားသော လူမှုရေးရှုထောင့်ကဖြစ်စေ၊ လူတန်းစားအမြင်အရဖြစ်စေ၊ အထူးအားဖြင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေအရဖြစ်စေ ထိုဖြေရှင်းမှုဟာ ဆင်ခြင်တုံတရားကင်းမဲ့တယ်လို့ ပြောဆိုနိုင်သည်အထိ ဝေဖန်စရာတွေဖြစ်ခဲ့ပါတယ်။ လူ့အခွင့်အရေးနဲ့ လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းအပေါ် ကော်မရှင်မှ အဖွဲ့ဝင်တချို့ရဲ့သဘောထားအမြင်ဟာပင် ဒီပြဿနာရဲ့ အခြေခံအကြောင်းအရင်းဖြစ်နေတာကို တွေ့ရပါတယ်။ အဖွဲ့ဝင်အချို့ရဲ့လုပ်ဆောင်ချက်ကိုကြည့်ခြင်းအားဖြင့် ၎င်းတို့ဟာ ကော်မရှင်ဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်၊ တာဝန်နဲ့လုပ်ပိုင်ခွင့်များအပေါ်လည်း ရှင်းလင်းပြတ်သားစွာနားလည်ခြင်း၊ လေးစားလိုက်နာဆောင်ရွက်ခြင်းမရှိတာ တွေ့ရပါတယ်။ ဒါကြောင့် တာဝန်ရှိပုဂ္ဂိုလ်အချို့ရဲ့ ကော်မရှင်အဖွဲ့ဝင်ဖြစ်ထိုက်တဲ့ အရည်အသွေးပြည့်စုံမှုအပေါ် များစွာသံသယရှိပါကြောင်း ဦးစွာပထမပြောလိုပါတယ်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုဒ်မ ၃၄ အရ ညှိနှိုင်းဖြေရှင်းတဲ့နည်းလမ်းကို အသုံးပြုခဲ့တယ်လို့ ၎င်းတို့က ဆိုပါတယ်။ ထိုပုဒ်မရဲ့ အနှစ်သာရကိုကြည့်ရင် ဖြစ်စဉ်တစ်ခုဟာ ဥပဒေကြောင်းအရ စကားလုံးအားဖြင့် ညီညွတ်နေသော်လည်း လက်တွေ့ဘဝမှာ လူမှုရေးမညီမျှမှုကို ဖြစ်ပေါ်စေခဲ့ရင် ၎င်းအပေါ်ညှိနှိုင်းဆောင်ရွက်ပေးဖို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ယခုပြဿနာကဲ့သို့ ရဲအရေးပိုင်ဖြစ်ပြီး ကြီးလေးတဲ့ရာဇဝတ်မှုအပေါ်မှာ နှစ်ဦးနှစ်ဖက်ကျေအေးရန် ညှိနှိုင်းပေးဖို့မဟုတ်ပါဘူး။ ဒါ့အပြင် ညှိနှိုင်းပေးစဉ်က ရာဇဝတ်မှုနှင့် တရားမမှုအပေါ် ထင်ရှားစွာအသိပေးပြီး ပိုင်းပိုင်းခြားခြားဆောင်ရွက်ခြင်းမရှိခဲ့တာကြောင့် ကော်မရှင်ရဲ့ ညှိနှိုင်း

ပေးမှုကပင် ကျူးလွန်တဲ့ရာဇဝတ်မှုကို အလိုတူအလိုပါ ထိမ်ချန်ရာရောက်ပါတယ်။ အခုလိုပုံစံမျိုးနဲ့ လူ့အခွင့်အရေးကို ကြီးကြီးမားမားချိုးဖောက်ခံရပြီဆိုရင် ချိုးဖောက်ခံရတဲ့အမျိုးသမီးငယ်တွေမှာ လူမှုရေး၊ စီးပွားရေး၊ အသိပညာအရ ချို့တဲ့မှုများစွာရှိနေသလောက် ကျူးလွန်တဲ့ဘက်ကတော့ အဘက်ဘက်က တောင့်တင်းနေတတ်ပါတယ်။ ထိုတောင့်တင်းတဲ့လူမှုရေး၊ စီးပွားရေးအခြေအနေကပင် အာဏာပိုင်များအပေါ် လွှမ်းမိုးမှုရှိနေနိုင်တာကိုလည်း တွေ့ကြရမှာဖြစ်ပါတယ်။ ဒီလို ပကတိအခြေအနေအောက်မှာ ကော်မရှင်ကဦးဆောင်ပြီး ညှိနှိုင်းပေးတဲ့အခါ ကျူးလွန်ခံရတဲ့ အမျိုးသမီးငယ်အသိုင်းအဝိုင်းရဲ့ လူမှုရေး၊ အသိပညာချို့တဲ့မှုအပေါ်မှာ ဖြည့်ဆည်းပေးဖို့ ကော်မရှင်မှ ပျက်ကွက်ခဲ့တာကြောင့် ၎င်းတို့ရဲ့စီးပွားရေးနိမ့်ကျနေမှုအပေါ် အခွင့်ကောင်းယူပြီး နစ်နာကြေးဖြင့်မြူဆွယ်ကာ ကျူးလွန်ခံရတဲ့ ရာဇဝတ်မှုများကို ကျေအေးပေးရမယ့် ဆွေးနွေးမှုအခင်းအကျင်းပုံစံကို ရောက်ရှိခဲ့ပါတယ်။ ဒါကပင် ကော်မရှင်ရဲ့ရပ်တည်ချက် လုံးဝမှားယွင်းနေမှုကို ထင်ရှားစေပါတယ်။ ဒီအမှုကို စတင်တိုင်ကြားခဲ့သူသာ ဒီနစ်နာကြေးငွေမျှနှင့်သာ ရပ်နေခဲ့ရင် ဒီအမှုဟာလည်း နစ်နာကြေးမျှဖြင့်ပင် ပြီးပြတ်သွားဖို့ရှိနေခဲ့တယ်ဆိုတာ ငြင်းလို့မရပါဘူး။ ကော်မရှင်ရဲ့ဖြတ်ထုံးသည်လည်း ငွေရှိရင် လူ့အခွင့်အရေးဆိုတာ ဖောက်ဖျက်လို့ရနိုင်တယ်ဆိုတဲ့ လမ်းကြောင်းအပေါ် ဝင်ရောက်ခဲ့ပြီးသား ဖြစ်ခဲ့ရပါတယ်။ ဒီဖြစ်စဉ်ဟာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃ ပါ ကော်မရှင်ဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်လေးချက်နဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသလို ပုဒ်မ ၆ ပုဒ်မခွဲ(ဃ) အရ ဖွင့်ဆိုထားတဲ့ အဖွဲ့ဝင်တွေရဲ့အရည်အသွေးများ ပြည့်မီခြင်းမရှိဘူးဆိုတာကိုလည်း ထင်ထင်ရှားရှားတွေ့ရှိနိုင်ပါတယ်။

ဒါ့အပြင် ၎င်းတို့အနေနဲ့ နစ်နာကြေးအားဖြင့် ညှိနှိုင်းမှုပြီးစီးသွားတဲ့အခါ မိမိတို့ရဲ့တာဝန်ပြီးပြတ်ပြီလို့ ခံယူခဲ့တဲ့အတွက် ရဲတပ်ဖွဲ့ရဲ့ အစီရင်ခံမှုမှာပါရှိခဲ့တာကို လျစ်လျူရှုကာ သက်ဆိုင်ရာအသီးသီးကို ရာဇဝတ်ကြောင်းအရ ဆက်လက်ဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက်ပေးဖို့ ပျက်ကွက်ခဲ့ပြန်ပါတယ်။ ဒီပျက်ကွက်မှုကလည်း ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ ကို ချိုးဖောက်ရာရောက်ပါတယ်။ ကော်မရှင်အဖွဲ့ဝင်တို့ရဲ့ မိမိတို့ကော်မရှင်ရဲ့ လုပ်ငန်းသဘာဝအပေါ် နားမလည်ခြင်း သို့မဟုတ် အလေးမထားခြင်း သို့မဟုတ် မလိုက်နာခြင်းရဲ့ ထင်ရှားတဲ့သာဓကများဖြစ်ပါတယ်။ ပုဒ်မ ၃၈ ဟာ လူ့အခွင့်အရေးအတွက် ဥပဒေရဲ့အကာအကွယ်ရရှိဖို့ သက်ဆိုင်ရာအာဏာပိုင်များကို ကော်မရှင်မှ ဖိအားပေးတောင်းဆိုနိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ကော်မရှင်ဥပဒေ ပုဒ်မ ၄၀ တွင်ပါဝင်သော ပုဒ်မငယ်လေးခုမှာ လူ့အခွင့်အရေးဆက်လက်ဖောက်ဖျက်မှု မဖြစ်ပေါ်လာ

စေရေး၊ ထပ်မံမဖြစ်ပွားစေရေး၊ လူ့အခွင့်အရေးဖောက်ဖျက်မှုကို ကုစားနိုင်ရေး၊ ထိခိုက်နစ်နာသူများအတွက် ရသင့်ရထိုက်သောနစ်နာကြေးရရှိနိုင်ရေးနှင့် ပါဝင်ပတ်သက်သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အာဏာပိုင်တို့ကို အကြံပြုခြင်း၊ အကြံပြုချက်အတိုင်း ဆောင်ရွက်မှုအခြေအနေကို သင့်လျော်သောအချိန်ကာလအတွင်း အကြောင်းပြန်စေခြင်းတို့ဟာ လူ့အခွင့်အရေးကော်မရှင်ရဲ့ တာဝန်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ကော်မရှင်အနေနဲ့ ယခုဖြစ်ပွားခဲ့သောအမှုသည် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် သက်ဆိုင်ကြောင်း ဝန်ခံခဲ့ပေမယ့် အထက်ပါဥပဒေ ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် နစ်နာကြေးနည်းလမ်းမှအပ လုံးလုံးလျားလျားပျက်ကွက်ခဲ့ပြန်ပါတယ်။ ဒါကြောင့် ကော်မရှင်ရဲ့ တာဝန်ရှိပုဂ္ဂိုလ်များရဲ့အရည်အသွေး၊ ကျင့်ဝတ်နဲ့ ရပ်တည်ချက်ဟာ ပျက်ယွင်းနေတဲ့အပြင် သဘောရိုးဖြင့် ဆောင်ရွက်ခြင်းဟုတ်/မဟုတ်ဆိုသည်ကိုပါ သံသယဖြစ်ဖွယ်ရှိနေပါတယ်။

ကော်မရှင်ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)နှင့်(ဃ)တို့မှာ အတိအလင်းပြဋ္ဌာန်းထားပါလျက် စုံစမ်းစစ်ဆေးရေးကို ဥပဒေနှင့်အညီ လုံလောက်ပြည့်မီအောင် ဆောင်ရွက်ခဲ့ခြင်းမရှိတဲ့အတွက် ဖြစ်စဉ်အတိမ်အနက်ကို ကောင်းစွာသဘောပေါက်နားလည်အောင် ကြိုးစားခဲ့ခြင်းမရှိဘူးဆိုတာကိုလည်း ထင်ရှားနေပြန်ပါတယ်။ နစ်နာကြေးနည်းအားဖြင့် ဖြေရှင်းပေးသည့်နေ့အထိပင် ကာယကံရှင်နှစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း လုံးဝမရှိတာကိုလည်း တွေ့ရှိရပါတယ်။ ဒါဟာလည်း ကော်မရှင်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၆ ပုဒ်မခွဲ(င)တို့မှာ ပြဋ္ဌာန်းထားတဲ့ ကော်မရှင်အဖွဲ့ဝင် အရည်အသွေးများ ပျက်ယွင်းနေကြောင်း ထင်ရှားစေတဲ့အချက်များဖြစ်ပါတယ်။

ယနေ့ မြန်မာနိုင်ငံဟာ လူ့အခွင့်အရေးကိုအခြေခံပြီး ဒီမိုကရေစီဖြစ်စဉ်ကို ကူးပြောင်းနိုင်အောင် ကြိုးစားနေတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် ဆယ်စုနှစ်ပေါင်းများစွာ ကျင့်သုံးခဲ့တဲ့စနစ်ရဲ့ အားနည်းချက်ကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံလာခဲ့ရတဲ့ အစဉ်အလာရှိတဲ့နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ ယနေ့ကာလအထိ လူ့အခွင့်အရေးဆိုတဲ့ အနစ်သာရ၊ အဓိပ္ပာယ်ကို ပုံဖော်ဖွင့်ဆိုရာမှာပင် မှားယွင်းမှုအချို့နဲ့ ရင်ဆိုင်နေရဆဲလည်းဖြစ်ပါတယ်။ ထိုသို့သောနိုင်ငံမှာ ဒီကော်မရှင်ဟာ အချုပ်အခြာအာဏာပိုင်အဖွဲ့အစည်းများရဲ့ လွှမ်းမိုးချုပ်ကိုင်မှုမှ ကင်းလွတ်သော သီးခြားရပ်တည်နိုင်ခွင့်ရှိတဲ့ နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ပြည်သူများကိုသာမက နိုင်ငံရဲ့အချုပ်အခြာအာဏာပိုင်ဆိုင်ထားသူများကိုပင်လျှင် လူ့အခွင့်အရေးရှုထောင့်ကနေ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်ရှိအောင် ခေါ်ယူစစ်ဆေးဆုံးဖြတ် ကောက်ချက်ချနိုင်တဲ့ နိုင်ငံတော်အာဏာအချို့ကိုပင် အပ်နှင်းထားခြင်းဖြစ်ပါလျက် ၎င်းလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့ရဲ့လုပ်ဆောင်ချက်များဟာ အင်မတန်မှ

လျော်ကန်မှုမရှိတဲ့အတွက် ၎င်းတို့အား ထိရောက်စွာ အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ထွန်းနိုင်(ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ဒီကနေ့မှာ ဒေါပုံမဲဆန္ဒနယ်က ဦးဌေးဝင်းအောင်တင်သွင်းတဲ့အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာအနေနဲ့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်တချို့ရဲ့ ဒီဖြစ်ပျက်ခဲ့တဲ့ကိစ္စအပေါ်မှာကိုင်တွယ်ပုံ၊ သုံးသပ်ရှုမြင်ပုံကို ကျွန်တော် ဦးစွာတင်ပြလိုပါတယ်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှာ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှာ ကျင်းပခဲ့တဲ့ တွေ့ဆုံညှိနှိုင်းမှုမှတ်တမ်းရှိပါတယ်။ အဲဒီမှတ်တမ်းရဲ့အစီရင်ခံစာစာမျက်နှာ ၆ မှာ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက အခုလိုလေးပြောကြားခဲ့ပါတယ်။ ကော်မရှင်မှ ကော်မရှင်ဥပဒေအရ စေ့စပ်ဆွေးနွေးညှိနှိုင်းပေးခြင်းဖြစ်ကြောင်း စေ့စပ်ညှိနှိုင်းခြင်းလမ်းကြောင်းကနေပဲသွားမလား၊ တရားဥပဒေလမ်းကြောင်းဖြင့်သွားမလားဆိုသည့်အချက်ကို စဉ်းစားသင့်ကြောင်း နစ်နာဆုံးရှုံးမှုများရှိတဲ့အရာများကိုလည်း သင်ပုန်းချေသင့်ကြောင်း၊ တိုင်းရဲတပ်ဖွဲ့၏ အစီရင်ခံစာတွင် ဥပဒေအရ ဆောင်ရွက်ရန်ပေးပို့ခဲ့ပါသော်လည်း ကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေအရ ပြေလည်စေလိုသည့်ဆန္ဒဖြင့် ခေါ်ယူတွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးချယ်စရာနှစ်ချက်အနက်တစ်ချက်ကိုသာရွေးချယ်ရမည်ဖြစ်ကြောင်းလို့ အတိအလင်း ပြောကြားခဲ့ပါတယ်။ ဒါက ရွေးစရာနှစ်ခုရှိပါတယ်။ တစ်ခုအမှုဖွင့်မလား၊ တစ်ခုက လျော်ကြေးယူပြီး ကျေအေးမလားဆိုတဲ့ ဒီနှစ်ချက်ထဲက ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းကနေပြီးတော့ ဒီနှစ်ချက်ကနေပြီးတော့ တစ်ချက်ကို သာရွေးရမယ်ဆိုတာကို အတိအလင်းပြောကြားခဲ့တာဖြစ်ပါတယ်။ အဲဒီ စာမျက်နှာ ၆ မှာပဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်ကလည်း အခုလိုပြောခဲ့ပါတယ်။ ကော်မရှင်အနေဖြင့် တရားရေးလမ်းကြောင်းကနေ သွားစေလိုသည့်ဆန္ဒမရှိသည့်အတွက် ယခုလို ခေါ်ယူတွေ့ဆုံရကြောင်း၊ ကော်မရှင်ကနေ ခေါ်ယူခြင်းမှာ နှစ်ဦးနှစ်ဖက်ပြေလည်စေလိုသည့်အတွက် ယခုလိုညှိနှိုင်းဆွေးနွေး ပေးခြင်းဖြစ်ကြောင်းလို့ ပြောကြားခဲ့တာကို ကြည့်ခြင်းအားဖြင့်လည်း ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်အနေနဲ့လည်း ဒီအမှုကိစ္စကို ဥပဒေကြောင်းအရ အရေးမယူဘဲနဲ့ ကျေအေးစေပြီးတော့ လျော်ကြေး

ယူတဲ့ဘက်ကို သူကနေပြီးတော့ ဦးတည်ပြီးတော့ ပြောကြားခဲ့တယ်ဆိုတာ ပေါ်လွင်ထင်ရှားပါတယ်။ ဆက်လက်ပြီးတော့ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြမြကနေပြီးတော့ အိမ်အကူဘက်ကနေ အရိုက်ခံရခြင်းများသည်လည်း ရှိကောင်းရှိမည်ဖြစ်ကြောင်း၊ အိမ်အကူဘက်က မှားတဲ့အရာများလည်းရှိနိုင်ကြောင်း၊ အိမ်ရှင်ဘက်ကလည်း မှားနိုင်ကြောင်း ယခုလိုအငြင်းပွားနေမည့်အစား နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဒီဖြစ်စဉ်မှာ အိမ်ရှင်လည်းမှားတယ်၊ အိမ်ဖော်လည်းမှားတယ်။ ဒါကြောင့် ပြေပြေလည်လည်ညှိနှိုင်းကြလို့ ပြောရမယ့်ကိစ္စမဟုတ်ပါဘူး။ အိမ်ရှင်မှားတဲ့ကိစ္စနှင့် အိမ်ဖော်မှားတဲ့ကိစ္စ ဒါမျိုးချေလို့မရပါဘူး။ အိမ်ရှင်မှားတာက ရာဇဝတ်မြောက်တဲ့ပြစ်မှုဖြစ်ပြီးတော့ အိမ်ဖော်မှားတဲ့အမှုသည် ထမင်းအိုးတူးတာဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော်တို့အနေနဲ့ အဝတ်လျှော်တာ စွန်းတာလည်းဖြစ်ချင်ဖြစ်မယ်၊ နှိပ်ပေးတာအဆင်မပြေတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါမျိုးကို ရာဇဝတ်မှုမြောက်တယ်ဆိုရင် အိမ်ဖော်က ရာဇဝတ်မှုမြောက်ရင်လည်း ရာဇဝတ်ကြောင်းသာအရေးယူသင့်ပါတယ်။ အခုလိုမျိုး ညှဉ်းပန်းနှိပ်စက်တာမျိုး လုပ်လို့မရတဲ့ အမှားဖြစ်ပါတယ်။ ဒီအမှားကို နင်တို့လည်းမှားတယ်၊ သူတို့လည်းမှားတယ် ဒါကြောင့်မို့လို့ ပြေလည်အောင်သာဖြေရှင်းကြပါဆိုတဲ့ ကျွန်တော်တို့ သဘောထားမှတ်ချက်မျိုးနဲ့၊ သုံးသပ်ရှုမြင်ပုံမျိုးနဲ့ အလုပ်လုပ်ခဲ့တာကိုတွေ့ရပါတယ်။ ဆက်လက်ပြီးတော့ ကော်မရှင်အနေနဲ့ အခုလိုမျိုးဆုံးဖြတ်ခဲ့တဲ့အတွက်မို့လို့ ကော်မရှင်အနေနဲ့ ဒီဆုံးဖြတ်ချက်ရဲ့ အကျိုးသက်ရောက်မှုတွေကို ကျွန်တော်တို့ ကြည့်မယ်ဆိုလို့ရှိရင်လည်း ကော်မရှင်ရဲ့ရည်ရွယ်ချက်များ ပုဒ်မ ၃ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမို၍ ကာကွယ်စောင့်ရှောက်နိုင်ရန်လို့ပါပါတယ်။ ပိုမို၍ဆိုတဲ့ စကားလုံးပါပါတယ်။ သူတို့ဆုံးဖြတ်ခဲ့တဲ့ကိစ္စသည် တကယ်တမ်းကျလို့ရှိရင် ဘယ်ကို Miss Leading ဖြစ်သွားမလဲဆိုလို့ရှိရင် ကျွန်တော်တို့ငွေပေးလို့ရှိရင် ကျေအေးလို့ရပါတယ်ဆိုတဲ့ လမ်းကြောင်းပေါ်ကိုရောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေပါကိစ္စရပ်တွေနဲ့လည်း ကော်မရှင်ရဲ့ဆုံးဖြတ်ချက်သည် ဆန့်ကျင်နေတာကို အထင်အရှားတွေ့ရပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောကြားလို့တာကတော့ ကော်မရှင်ဥပဒေ ပုဒ်မ ၆၂ မှာ ဤဥပဒေအရ ပေးအပ်ထားတဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့ ကော်မရှင်အဖွဲ့ဝင်များသည် သဘောရိုးနဲ့ဆောင်ရွက်တယ်ဆိုခဲ့လို့ရှိရင် အရေးယူခြင်း၊ တရားစွဲဆိုခြင်းမပြုရဆိုတာပါပါတယ်။ ဒီနေရာမှာ သဘောရိုးဆိုတဲ့ကိစ္စနှင့်ပတ်သက်လို့ လယ်ဝေးမဲဆန္ဒနယ်က

ဦးမျိုးဇော်ဦးလည်း ပြောသွားပါတယ်။ ရာဇသတ်ကြီးပုဒ်မ ၅၂ မှာ အတိအလင်းဖော်ပြထားတာရှိပါတယ်။ ဒီအချက်တွေနဲ့လည်း ဆန့်ကျင်နေတာတွေ့ရပါတယ်။ အရေးကြီးဆုံးအချက်က ကျွန်တော်တို့အနေနဲ့ ကော်မရှင်အဖွဲ့ဝင်တစ်ယောက်သည် သဘောရိုးဟုတ်/မဟုတ်ဆိုတဲ့ကိစ္စကို စဉ်းစားတဲ့အခါမှာ ကျွန်တော့်အနေနဲ့ သဘောရိုးဖြစ်ခြင်း/မဖြစ်ခြင်းအတွက် အကြောင်းအချက်နှစ်ချက်ရှိတယ်လို့ ကျွန်တော်ရှုမြင်ပါတယ်။ ပထမအချက်ကတော့ ကော်မရှင်အဖွဲ့ဝင်ကနေပြီးတော့ အမှုကိစ္စကို သုံးသပ်ဆုံးဖြတ်ရမယ့်အခြေအနေသည် အဖြူအမည်းသိပ်မကွဲပါဘူး။ ဥပမာအားဖြင့် အိမ်ရှင်ကနေ ကျွန်မကို ဆဲလို့ပါလို့လာတိုင်တယ်ဆိုလို့ရှိရင် ဆဲခဲ့တဲ့ကိစ္စက ပြီးခဲ့ပါပြီ။ တစ်ခြားသက်သေပြစရာမရှိတဲ့အခါမျိုးမှာ ကော်မရှင်အဖွဲ့ဝင်တွေအနေနဲ့ ဆဲတာဟုတ်တယ်၊ မဟုတ်ဘူးဆိုတဲ့ကိစ္စကို သုံးသပ်ဆုံးဖြတ်ဖို့အတွက်က အခက်အခဲရှိပါတယ်။ ဒီလိုအနေအထားမှာ တကယ့်အဖြစ်မှန်နဲ့သွေဖည်ပြီးတော့ မှားယွင်းဆုံးဖြတ်မိတယ်ဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ဒါကို သဘောရိုးနဲ့မှားယွင်းတယ်လို့ ပြောလို့ရပါတယ်။ နောက်တစ်ချက်ကတော့ တကယ်ဖြစ်နေတဲ့အဖြစ်ကို သုံးသပ်ဖို့အတွက်၊ လေ့လာချဉ်းကပ်ဖို့အတွက် ကော်မရှင်အဖွဲ့ဝင်အနေနဲ့ ဒီအမှုကို မှန်မှန်ကန်ကန်သုံးသပ်ဆုံးဖြတ်နိုင်ဖို့ အသိပညာဗဟုသုတချို့ယွင်းတယ်၊ မလုံလောက်ဘူးဆိုလို့ရှိရင်လည်း မှားနိုင်ပါတယ်။ အခုဥစ္စာက ဒီအချက်တွေနဲ့ ကြည့်တဲ့အခါမှာ သဘောရိုးနဲ့မှားနိုင်စရာအကြောင်းလုံးဝမရှိဘဲနဲ့ ကော်မရှင်အဖွဲ့ဝင်အားလုံးသည်လည်း ဆိုင်ရာဆိုင်ရာမှာ အတွေ့အကြုံတွေ၊ ဗဟုသုတတွေ တကယ်ကိုအသိပညာ အတတ်ပညာတွေ ပြည့်စုံတဲ့သူတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါသည် သဘောရိုးနဲ့မှားယွင်းတယ်ဆိုတဲ့အနေအထားမျိုးနဲ့ ဖြစ်ပျက်ခဲ့တဲ့ကိစ္စကို ဆုံးဖြတ်လို့မရပါဘူး။ ဒါကြောင့်မို့လို့ ဦးဌေးဝင်းအောင်ရဲ့အဆိုကို ကျွန်တော်လေးလေးနက်နက်ထောက်ခံလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရည်မွန်(ခ)မောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်က ပုဗ္ဗသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူ့အခွင့်အရေးကော်မရှင်မှာ တာဝန်ယူမယ့်သူတွေဟာ ဘယ်လိုဉာဏ်အရည်အချင်းမျိုး၊ ဘယ်လိုစံအရည်အချင်းမျိုး၊ ဘယ်လိုတာဝန်ယူမှုမျိုး ရှိထိုက်တယ်ဆိုတာကို ထောက်ပြရင်းနဲ့ ဒေါပုံမဲဆန္ဒနယ်က ဦးပြုံးချိုရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒီတော့ လူ့အခွင့်အရေးဆိုတဲ့စကားလုံးကို ကြားလိုက်ရင်ပဲ တချို့က လူ့အခွင့်အရေးဆိုတာ ပြည်ပကနေပြီးတော့

တင်သွင်းလာတဲ့ အတွေးအခေါ်လို့ ထင်မြင်တတ်ကြပါတယ်။ တကယ်တော့ လူ့အခွင့်အရေး ကို လေးစားတယ်ဆိုတာ လူ့ကိုယ်ချင်းစာတရားပါပဲ။ ကိုယ့်ကို ဘယ်သူကမှ နှိပ်စက်ညှဉ်းပန်းတာကို မခံချင်ဘူး။ ကိုယ့်ကို ဘယ်သူကမှ ကျွန်ပြုတာကို မခံချင်ဘူး။ အဲဒီလိုပဲ ကိုယ်ကလည်းပဲ ဘယ်သူ့ကိုမှ နှိပ်စက်ညှဉ်းပန်းမှုမပြုနဲ့။ ကျွန်ပြုတဲ့အလုပ်မျိုးမလုပ်နဲ့။ ကိုယ့်ရှေ့မှာ ဒီလိုမတရားမှုကို မြင်တွေ့မယ်ဆိုရင်လည်း လျစ်လျူရှုမနေနဲ့။ ဒါဟာ လူ့ကိုယ်ချင်းစာတရား၊ လူ့အခွင့်အရေးပါပဲ။ အဲဒီတော့ ဒီခံယူချက်နဲ့ အင်းဝအပ်ချုပ်ဆိုင်အမှုကို ဖော်ထုတ်ပေးခဲ့တဲ့သတင်းထောက် ကိုဆွေဝင်း ကျွန်တော့်အနေနဲ့ လေးစားဂုဏ်ပြုပါကြောင်း ဒီနေရာကပြီး ကနဦးပြောချင်ပါတယ်။ လူ့အခွင့်အရေးကော်မရှင်မှာ တာဝန်ယူမယ့်သူတွေဟာ ဘယ်လိုစံအရည်အချင်းမျိုး၊ ဘယ်လိုတာဝန်ယူမှုမျိုးရှိသင့်သလဲ။ ပထမအချက်အနေနဲ့ ကျွန်တော်ပြောချင်တာကတော့ လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုကို စုံစမ်းသိရှိရပြီဆိုရင် ဒီချိုးဖောက်မှုဟာ သာမန်လား၊ ရာဇဝတ်ပြစ်မှုမြောက်တဲ့ ချိုးဖောက်မှုလားဆိုတာကို ပိုင်းခြားသိမြင်နိုင်တဲ့ ဉာဏ်အရည်အချင်းမျိုး ရှိသင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။ အဲဒီတော့ အင်းဝအပ်ချုပ်ဆိုင်အမှုမှာကတော့ ဒီလိုဉာဏ်အရည်အချင်းမျိုး ပြည့်စုံမှုရှိရဲ့လားဆိုတာ ကျွန်တော်တို့မေးခွန်းထုတ်ရပါလိမ့်မယ်။ တကယ်လို့ ရာဇဝတ်ပြစ်မှုမြောက်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကိုတွေ့ပြီဆိုရင် ဒီအမှုကို တရားဥပဒေရဲ့ရှေ့မှောက်ကို ပို့ဆောင်ပေးဖို့ တာဝန်ရှိပါလိမ့်မယ်။ ပြစ်မှုကျူးလွန်တယ်ဆိုတာက ကိုယ်တိုင်ကာယကံမြောက်အပြစ်လုပ်မှသူ့ကို ပြစ်မှုကျူးလွန်သူလို့ သူကိုပြောလို့ရတာမဟုတ်ပါဘူး။ ပြစ်မှုကျူးလွန်မှန်းသိသိကြီးနဲ့ ဒီပြစ်မှုကို မျက်နှာလွှဲထားတယ်။ ပြစ်မှုကျူးလွန်သူဘက်က ဖေးမတယ်။ ဘက်လိုက်တယ် သို့မဟုတ် ဒီပြစ်မှုကို ဖုံးကွယ်ပေးတယ်ဆိုရင်လည်း ဒါဟာ ဥပဒေသဘောအရ ပြစ်မှုမြောက်ပါတယ်။ အဲဒီတော့ အခုကိစ္စမှာ မြန်မာနိုင်ငံအမျိုးသားကော်မရှင်ဥပဒေပုဒ်မ ၃၄ ပါ လုပ်ပိုင်ခွင့်အရ ညှိနှိုင်းဖျန်ဖြေပြီးတော့ လျော်ကြေးနဲ့ကျေအေးစေခဲ့တာဖြစ်တယ်လို့ အကြောင်းပြချက်ပေးကောင်းပေးပါလိမ့်မယ်။ သို့သော် ဒီပုဒ်မမှာပဲ အင်မတန်အရေးကြီးတဲ့ ပြဋ္ဌာန်းချက်ပါပါတယ်။ အဲဒါက ဘယ်လိုဆောင်ရွက်ချက်ကပဲဖြစ်ဖြစ် တည်ဆဲဥပဒေနဲ့ အညီအညွတ်ဖြစ်ရမယ်ဆိုတာ တစ်ပါတည်းပါရှိပြီးသားပါ။

အဲဒီတော့ ဘယ်သူမှတည်ဆဲဥပဒေကို ကျော်လွန်ပြီးတော့ စုံစမ်းစစ်ဆေးတာပဲဖြစ်ဖြစ်၊ ညှိနှိုင်းဖျန်ဖြေတာပဲဖြစ်ဖြစ် လုပ်ခွင့်မရှိပါဘူး။ ပြစ်မှုကျူးလွန်တဲ့သူတစ်ယောက်က ငွေကြေးတတ်နိုင်တဲ့အတွက် ဒီငွေနဲ့ ပြဿနာကို ဖြေရှင်းဖို့အတွက် သဘောတူခွင့်ပြုခဲ့မယ်ဆိုရင် ဒီလုပ်ရပ်ဟာ အင်မတန်အန္တရာယ်များပါတယ်။ ငွေများတရားနိုင်ဆိုတဲ့ အတွေးအခေါ်၊ ငွေသာရှိပါစေ ဘယ်လို

ဖြစ်မှုမျိုးပဲဖြစ်ဖြစ် ကျူးလွန်ပြီးရင် ငွေနဲ့ဖြေရှင်းလို့ရတယ်ဆိုတဲ့ အတွေးအခေါ်ကိုလည်း အားပေးရာ ရောက်ပါတယ်။ ဒါဟာကျွန်တော်တို့ရဲ့ ဒီမိုကရေစီလူ့ဘောင် နဲ့ နည်းနည်းမှမအပ်စပ်ပါဘူး။ အဲဒီတော့ အင်းဝအပ်ချုပ်ဆိုင်အမှုမှာလည်းပဲ လူ့အခွင့်အရေးကော်မရှင်ရဲ့ ဆောင်ရွက်ချက်တွေဟာ ငွေများ တရားနိုင်၊ ငွေဘက်လိုက်တဲ့ အတွေးအခေါ်မျိုးနဲ့ ချဉ်းကပ်ခဲ့တာဆိုရင်တော့ ဒါဟာ အင်မတန် တာဝန်မဲ့တဲ့လုပ်ရပ်လို့ ပြောရပါလိမ့်မယ်။ ဒီနေရာမှာ ကျူးလွန်ခံရတဲ့ ကလေးတွေဟာ အင်မတန် အားနည်းတယ်။ ငွေကြေးလည်းမတတ်နိုင်ဘူး။ သွားစရိတ်၊ လာစရိတ်၊ တရားရုံးစရိတ်မတတ်နိုင်လို့ အခုလိုလျော်ကြေးလက်ခံပြီးတော့ ကျေအေးဖို့တိုက်တွန်း ရတာပါလို့လည်း ဆင်ခြေပေးလို့မရပါဘူး။ ဘာကြောင့်လဲ၊ တရားဥပဒေရဲ့ရှေ့မှောက်မှာ နိုင်ငံသားတိုင်းဟာ ခွင့်တူညီအမျှဖြစ်ရပါမယ်။ တကယ်လို့ တစ်ဖက်ဖက်က အားနည်းနေတယ်ဆိုရင် အားနည်းသူဘက်ကနေ နိုင်ငံတော်အနေနဲ့ အကူအညီပေးဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒါမျိုးကို အကူအညီပေးဖို့အတွက် Legal Aid Law ဆိုတဲ့ ဥပဒေ အထောက်အကူပြုဥပဒေရှိပြီး သားဖြစ်တယ်ဆိုတာကိုလည်း မေ့ထားလို့ မရပါဘူး။ အဲဒီတော့ ဘယ်လိုညှိနှိုင်းဖျန်ဖြေမှုကပဲဖြစ်ဖြစ် ရလဒ်ကတော့ တရားမျှတမှုကို ဦးတည် ရပါလိမ့်မယ်။ အဲဒီတော့ ဒီကိစ္စမှာ ကိုယ်လက်အင်္ဂါချို့ယွင်းတဲ့အထိ ညှဉ်းပန်းနှိပ်စက်ခံရပေမယ့် လျော်ကြေးသိန်း ၅ဝ နဲ့ ဖြေရှင်းပေးလိုက်တယ်ဆိုတာ ဘယ်လိုမှ ကျွန်တော်တို့က တရားမျှတတဲ့ အဖြေတစ်ခု၊ တရားဥပဒေနဲ့ ညီညွတ်တဲ့ဖြေရှင်းမှုတစ်ခုလို့ ပြောလို့ရမှာမဟုတ်ပါဘူး။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ လူ့အခွင့်အရေးကော်မရှင်ရဲ့ ဆောင်ရွက်ချက်ကို ထောက်ပြရတယ်ဆိုတာက အပြစ်တင်ရုံသက်သက်မဟုတ်ပါဘူး။ နောင်တစ်ချိန်မှာ ဒါကို Lesson Learn သင်ခန်းစာယူပြီးတော့မှ ပိုပြီးတော့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်နိုင်တဲ့ ကော်မရှင်မျိုးဖြစ်ဖို့အတွက် ကျွန်တော့် အနေနဲ့ရည်ရွယ်ပါတယ်။ အဲဒီတော့ နိဂုံးချုပ်အနေနဲ့ကတော့ ဒီကိစ္စမှာ တာဝန်လစ်ဟင်းခဲ့တယ်ဆိုရင် သမ္မတအရေးယူတာကို၊ အစိုးရက အရေးယူတာကို ထိုင်စောင့်နေမယ့် အစားကိုယ့်ကိုယ်ကို တာဝန်ကို ယူပြီးတော့မှ ကိုယ့်ကိုယ်ကို အရင်အရေးယူသင့်ပါတယ်လို့ တိုက်တွန်းရင်းနဲ့ ကျွန်တော်စကားကို အဆုံးသတ်ပါရစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝေလှိုင်ထွန်း(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် တက်ရောက်လာတဲ့ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပုသိမ်မဲဆန္ဒနယ် ဦးဝေလှိုင်ထွန်း ဖြစ်ပါတယ်။ ဦးဌေးဝင်းအောင်(ခ)

ဦးပြုံးချိုရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးဖို့ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အရှေ့က ပြောသွားတဲ့ လူတွေ တော်တော်များသွားလို့ ကျွန်တော်က နောက်ဆုံးဆိုတော့ အဓိကဟာလေးပဲ ပြောပါမယ်။ ဘာပြောချင် သလဲဆိုရင်တော့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းစာရှင်းလင်းပွဲလုပ်တဲ့နေရာမှာ ဥပဒေကိုဖောက်ထိုးပြောပြီးတော့ သတင်းစာရှင်းလင်းပွဲ လုပ်တာတစ်ခုလေးပြောချင်ပါတယ်။ ဘယ်လိုပြောလဲဆိုတော့ လူ့အခွင့်အရေးဥပဒေ ပုဒ်မ ၂၂၊ နောက်တစ်ခါ ပုဒ်မ ၃၇ နော်တဲ့။ တရားရေးအမှုလည်း မရောက်သေးဘူး။ သက်ဆိုင်ရာကလည်း မဖွင့်သေးဘူး။ ဒါကြောင့် ကျွန်တော်တို့ကလည်း လူသားချင်းစာနာထောက်ထားလို့ နောက်တစ်ခါ လူ့အခွင့်အရေးကော်မရှင်ဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ လုပ်ငန်းကို ကျွန်တော်တို့လုပ်ခြင်းဖြစ်တယ်။ ညှိတဲ့အခါ ကျွန်တော်တို့ကရှင်းရှင်းပဲပြောတယ်လေတဲ့။ အဲဒီတော့ ၂၂ နဲ့ ၃၇ ကဘာကို ပြောတာလဲ။ ၂၂ ကတော့ လူ့အခွင့်အရေးချိုးဖောက်တယ်လို့ သတင်းရရင်တောင်သွားရောက်စစ်ဆေးရမယ်။ စစ်ဆေးတဲ့နေရာမှာ ဒီ ၃၇ က ကန့်သတ်ထားတာ တရားရုံးမှာအမှုဖြစ်နေတယ်။ တရားရုံးက စီရင်ဆောင်ရွက်ဆဲအမှုဖြစ်တယ်။ အယူခံလေးနဲ့လည်း အမှုဖြစ်တယ်။ စီရင်ဆုံးဖြတ်ပြီးတဲ့အမှုတွေကို သွားရောက်မစစ်ဆေးရဘူး။ ဒါပေမဲ့ ဒီမှာ ၃၂ နဲ့ ၃၇ အရ နော်ဆိုတော့ အခုက ရောက်မှမရောက် သေးဘဲ။ အဲဒါသွားစစ်ဆေးခွင့်ရတာကို မစစ်ဆေးဘဲနဲ့ ဒီ ၃၂၊ ၃၇ အရ ညှိရပါတယ်ဆိုကတည်းက ဥပဒေကို ဖောက်ထိုးပြောနေတယ်။ အဲဒါကြောင့်မို့လို့ သူတို့မစစ်ဆေးတာလည်း ဝန်ခံတယ်။ ဝန်ခံတာတွေလည်း ပြောရင်တော့ အရှည်ကြီးပဲ။ ဘာပြောလဲဆိုတော့ ကျွန်တော်တို့ တိုင်ကြားတဲ့ လူတွေကို ကျွန်တော်တို့ ကွင်းဆင်းပြီး စုံထောက် တာတွေလည်း ရှိပါတယ်။ အခုဟာတော့ သွားမစစ်။ ကလေးတောင်သွားမတွေ့ဘူး။ ဒဏ်ရာလည်း သူတို့မမြင်ဖူးဘူး။ ဒါပေမဲ့ နောက်တစ်ခါ ဘာပြော သလဲဆိုတော့ Social Justice နဲ့ သွားတယ်တဲ့။ တစ်ဖက်က Social Justice အကူအညီပေးပြီးတော့ နစ်နာကြေး amount ပေါ့နော်။ ဒါမျိုးရတာပေါ့။ ဆိုတာက ငွေကြေးရဖို့အတွက် Social Justice နဲ့သွားရမှာလား။ ဒီအမှုက ရဲအရေးပိုင်အမှု ပြီးတော့ ကျေအေးလို့လည်း ရတဲ့အမှုလား။ ဒါတွေက တရားရုံးလာရင်တောင်မှ ကျေအေးခွင့်မရဘူး။ အဲဒါကို Social Justice နဲ့သွားခွင့်ရှိသလား။ ဒါဆိုရင် လူ့အခွင့်အရေးကော်မရှင်က ဘယ်လိုဖြစ်နေသလဲ။ ဒီကိစ္စကို သက်ဆိုင်ရာက တိုင်ကြားတယ်။ ကိုယ်တိုင်သွားမစစ်ဘူး။ ရဲကိုစစ်ခိုင်းတယ်။ ရဲကိုစစ်ခိုင်းတော့ ရဲကလည်း စစ်တယ်။ စစ်ပြီး အစီရင်ခံစာပြန်တင်တယ်။ တရားစွဲရမယ်ဆိုတာ ပေါ်နေ တယ်။ ဒါပေမဲ့ တရားမစွဲဘဲနဲ့ ကာယကံရှင်ရဲ့ မျက်ကွယ်ကလေးတွေလည်းမရှိဘူး။ အဒေါ်တွေ မိဘတွေရဲ့ရှေ့မှာသွားပြီးတော့ ညှိလိုက်တယ်။

**မူကြမ်း**

အဲဒီလိုညှိပြီးတော့ ငွေရေးကြေးရေးနဲ့ ညှိလိုက်တယ်ဆိုတဲ့နေရာမှာ ကျွန်တော်ပြောချင်တာက လူ့အခွင့်အရေးချိုးဖောက်ခံရတာက ဘယ်သူလဲ။ ကလေးတွေ၊ အဲဒီကလေးတွေရဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရတဲ့သူကို ကာကွယ်ပေးရမှာက ဘယ်သူလဲ။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်။ အချိုးဖောက်ခံရတဲ့လူကိုတော့ အကာအကွယ်မပေး။ ချိုးဖောက်တဲ့လူကို အကာအကွယ်ပေးသလို ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရဲကိုစုံစမ်းခိုင်းတယ်ဆိုတာက ကိုယ်လုပ်ရမယ့်အလုပ်ကို ကိုယ်မလုပ်ဘူး။ ၂၂ အရ လုပ်မရမယ့်အလုပ်ဆိုမလုပ်ဘူး။ ရဲလုပ်။ ရဲကလုပ်ပြီးတော့ တင်ပြလို့ ကတော့ ဒါတရားစွဲမယ့်အလုပ် တရားစွဲပါလို့ ပြန်တင်တာပေါ့။ အဲဒါ သုံးလလောက်ကြာတယ်လို့ သိရပါတယ်။ အဲဒီတော့ ကိုယ်လည်းမလုပ်ဘူး။ သူများလုပ်လို့တင်ပြတော့ တရားစွဲဆိုတော့လည်း မစွဲဘူး။ မစွဲဘဲနဲ့ ခေါ်ပြီးညှိတယ်ဆိုတော့ ဘယ်သူ့ကို အကာအကွယ်ပေးနေတာလဲ။ ပြောတယ် မေတ္တာ စေတနာအရ လုပ်ပါတယ်ဆိုတော့ ဘယ်သူ့အပေါ် မေတ္တာထားတာလဲ။ ချိုးဖောက်ခံရတဲ့ ကလေးတွေ အပေါ်မှာမေတ္တာထားသလား။ ချိုးဖောက်တဲ့လူပေါ်မှာ မေတ္တာထားသလား။ အဲဒါကြောင့်မို့လို့ ဒီလောက်ကို ကွဲကွဲလွဲလွဲဖြစ်ပြီးတော့ အချိုးဖောက်ခံရတဲ့သူအပေါ်မှာ မျက်နှာသာပေးရမယ့်အစား ချိုးဖောက်ခံရတဲ့လူတွေကို ကာကွယ်ပေးရမယ့်အစား ချိုးဖောက်တဲ့လူကို အကာအကွယ်ပေးနေတဲ့ ဒီလူ့အခွင့်အရေးကော်မရှင်ကတော့ ကျွန်တော့်စိတ်နဲ့ဆိုရင် ဒါကြီးဟာ ရှိကိုမရှိသင့်တော့ဘူး။ ဒီလူတွေ။ အဲဒီတော့ ဒီသတင်းစာရှင်းလင်းပွဲကလည်း ဒီငါးဦးတည်းပဲ လုပ်သလား။ ဒီတစ်ဖွဲ့လုံး သဘောတူညီချက်မရဘဲနဲ့ လုပ်မှာလား။ ဒီငါးဦးမှာပဲ တာဝန်ရှိသလား။ တစ်ဖွဲ့လုံးသဘောတူလို့ လုပ်နေလို့ ဒီဟာ တရားမဝင်ပါဘူးဆိုပြီး ဘယ်သူက ကန့်ကွက်ထားတာရှိလဲ။ အဲဒီတော့ ဒီမြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် တစ်ဖွဲ့လုံးမှာ တာဝန်ရှိတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

အဲဒီလို ယူဆရင်တော့ ဒါဟာ ဥပဒေလည်းရှိပါတယ်။ သမ္မတကြီးရယ်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌရယ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရယ် ကနေပြီးတော့ တာဝန်ကျေအောင်မဆောင်ရွက်တဲ့ လူတွေကို အရေးယူတဲ့နေရာမှာ တာဝန်ရပ်စဲလိုလည်း ရပါတယ်။ ဒါပေမဲ့ ဥပဒေမှာကတော့ သဘောရိုးနဲ့လုပ်ချင်ရင် တရားစွဲလို့မရဘူးဆိုပြီးတော့ တရာမမှုတို့၊ ရာဇဝတ်မှုတို့မရဘူးဆိုပြီး ဥပဒေမှာ ကန့်သတ်ထားတယ်။ အဲဒီတော့ သဘောရိုးနဲ့လုပ်သလား၊ မလုပ်ဘူးလားဆိုတာကတော့ တစ်နိုင်ငံလုံးလည်းသိပါတယ်။ အဲဒီပေါ်မှာပဲ ဘာနဲ့လုပ်သင့်သလဲဆိုတာ အားလုံးကနေပြီး ပြည်သူ့ ဆန္ဒအတိုင်း ဆောင်ရွက်ပေးစေချင်တဲ့အတွက် ကျွန်တော်က ဦးပြုံးချိုရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။(ဩဘာသံများ)

**မူကြမ်း**

**ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ ဒေါ်ပုံမဲဆန္ဒနယ်က တင်သွင်းသော အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကနေ ပြီးတော့ ဥက္ကဋ္ဌဦးဝင်းမြနဲ့ အဖွဲ့ဝင်ဦးဇော်ဝင်းတို့နှစ်ဦး တက်ရောက်ပါတယ်။ နှစ်ဦးအနက် ကော်မရှင်ရဲ့ သဘောထားကို မေးတဲ့အခါမှာ ကျွန်တော့်အနေနဲ့ တစ်ဦးပဲ ပြောခွင့်ပြုပါမယ်။ တစ်ဦးက တစ်ပိုင်း၊ တစ်ဦးကတစ်ပိုင်း ကျွန်တော်ပြောခွင့်ပေးမှာ မဟုတ်ပါဘူး။ တာဝန်ခံရမယ့် သူတစ်ဦးကပဲ ဘယ်သူပဲတာဝန်ခံခံ၊ တာဝန်ခံတဲ့သူတစ်ဦးတည်းကပဲ ဒီသဘောထားကို ပြောပါ။ ဒါကြောင့်မို့လို့ ကျွန်တော် ပြောပါမယ်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ သဘောထားပြောပါ။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးဇော်ဝင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်တွင် အိမ်အကူအဖြစ်လုပ်ကိုင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဖျံရွာချောင်ကျေးရွာမှ မသဇင်နှင့်မစန်းကေခိုင်တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်အကျဉ်းချုပ်ကို တင်ပြပါရစေခင်ဗျား။ ယခုကဲ့သို့တင်ပြရာတွင် ကိုယ်စားလှယ်တော်များ၏အချိန်ကို လေးစားသောအားဖြင့် အဓိကကျသော အချက်အလက်အချို့ကိုသာ တင်ပြခွင့်ပြုပါခင်ဗျား။ ဒီကိစ္စနှင့်ပတ်သက်လို့ သတင်းထောက် ဦးဆွေဝင်းက ၂၂-၆-၂၀၁၆ နေ့စွဲပါ email ဖြင့် ကော်မရှင်သို့ တိုင်ကြားစာပေးပို့ခဲ့ပါတယ်။ တိုင်ကြားစာရရှိပြီးနောက် ကျွန်တော်တို့အဖွဲ့ကစိစစ်ပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ တိုင်းရဲတပ်ဖွဲ့မှူးထံလိပ်မူ၍ ၂၉-၆-၂၀၁၆ ရက်စွဲပါစာဖြင့် ဖြစ်ရပ်အမှန်ကို လိုအပ်သလို စိစစ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန်နှင့် ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားပေးပါရန် မေတ္တာရပ်ခံခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရဲ့ သုံးသပ်တင်ပြချက်ပါတဲ့ပြန်ကြားစာကို ကော်မရှင်က ၂၂-၈-၂၀၁၆ ရက်နေ့မှာ လက်ခံရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကော်မရှင်ဟာ တခြားနိုင်ငံများရှိ လူ့အခွင့်အရေးကော်မရှင်များကဲ့သို့ ဥပဒေကြောင်းအရ စည်းနှောင်မှုရှိတဲ့ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ တရားစွဲဆိုအရေးယူခြင်းတို့ကို ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများက လိုအပ်သလိုဆောင်ရွက်နိုင်ရေးအတွက် အကြံပြုတိုက်တွန်းချက်ကိုသာ ပေးပို့နိုင်ပါတယ်။ ဒါ့ကြောင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ဖြစ်ရပ်အမှန်ကို လိုအပ်သလိုစိစစ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် အကြောင်းကြားခဲ့ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနှင့်ပတ်သက်လို့ ပထမဦးစွာဆောင်ရွက်ချက်မှာ သက်ဆိုင်ရာဌာနက လိုအပ်သလိုဆောင်ရွက်နိုင်ရေးအတွက် အကြောင်းကြားခဲ့ခြင်းဖြစ်ပါတယ်။ ဒုတိယအနေဖြင့် ဆောင်ရွက်သည့်အချက်မှာ နစ်နာမှုများအား ကုစားပေးနိုင်ရေးအတွက် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို(ဒေါ်ပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို အကာအကွယ်ပေးဖို့အတွက် ပြည်သူလူထုဘက်ကရပ်တည်ပြီးတော့ ဆွေးနွေးပေးခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီးများကို အထူးပဲကျေးဇူးတင်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေစိုးမိုးရေး၊ တရားမျှတရေး၊ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးကို အကာအကွယ်ပေးနိုင်ဖို့ အထောက်အပံ့ဖြစ်စေနိုင်အောင် ကျွန်တော့်ရဲ့အရေးကြီးအဆိုကို လွှတ်တော်က အတည်ပြုပေးစေလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဌေးဝင်းအောင်၊ ဒေါ်ပုံမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အရေးကြီးအဆိုကို ကိုယ်စားလှယ် ၁၆ ဦးက ဆွေးနွေးပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အဆိုအား အတည်ပြုခြင်း/အတည်မပြုခြင်း/မှတ်တမ်းတင်ခြင်းကို ရှင်းလင်းပြောကြားခဲ့ခြင်းမရှိပါဘူး။ သဘောရိုးဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်လို့ပဲ ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အတည်ပြု/အတည်မပြု/မှတ်တမ်းတင်ဖို့ သဲသဲကွဲကွဲမပြောသွားတာဖြစ်တဲ့အတွက် ဒါကတော့ ကိုယ်စားလှယ်တော်ကြီးများ

အားလုံးသိပါတယ်။ လွှတ်တော်မှာတော့ တမူထူးခြားတဲ့ရှင်းလင်းချက်ဖြစ်တယ်။ သို့သော် တမူထူးခြားတဲ့ရှင်းလင်းချက်ဖြစ်ပေမယ့် အဆိုရှင်က အတည်ပြုသင့်ကြောင်းပဲပြောသွားတဲ့အတွက် ကျွန်တော်ဒါကြောင့်မို့လို့ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ စက်ခလုတ်အသုံးပြုပြီးတော့ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၇၄ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၈ မဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးဌေးဝင်းအောင်တင်သွင်းတဲ့အရေးကြီးအဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၁၃း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှုကြမ်း**